# ဘုံဆိုင်ထဲက ဟာသများ

ညီသစ်

ပုလင်းနှင့်ဖန်ခွက် ၂ အုပ်တွဲ






**၁။ မှားပေလို့**

အရက်မူးသမားနှစ်ယောက်သည် ပန်းခြံထဲမှာ အရက်သောက်ပြီး ကလေးများကစားကွင်းထဲသို့ သွားကာ ရိုလာကိုစတာ တက်စီးကြသည်။ နောက်ဆုံးမှာတော့ မူးနေသူ တစ်ယောက်က ကျန်တစ်ယောက်ဘက်သို့ လှည့်ပြောလေ တော့သည်။

"ဟေ့ကောင်၊ ငါတို့ ဘတ်စ်ကား မှားစီးမိပြီကွ"



**၂။ ဆေးနည်းကောင်း**

ဇနီးဖြစ်သူက ယောက်ျားအရက်သမားကို ကွာရှင်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရာ အိမ်နီးနားချင်း တစ်ယောက်က နောက်တစ်ကြိမ်ခန့် အခွင့်အရေးပေးလိုက် ပါဦးဟု ဖျောင်းဖျကြသည်။

"ရှင် သူ့ကို ဆူညံပူညံလုပ်မဲ့အစား ကောင်းကောင်းမွန်မွန် ဆက်ဆံကြည့်ပါဦး"ဟု အိမ်နီးချင်းများက ဆိုကြသည်။


နောက်တစ်နေ့ညတွင် ယောက်ျားဖြစ်သူသည် လူမှန်းသူမှန်းမသိအောင်မူးပြီး အိမ်ကို ဒယီးဒယိုင်ဖြင့် ပြန်ရောက်လာသည်။ မိန်းမဖြစ်သူက သူ့ကို အရင်လို ဆူညံ ပူညံ မလုပ်တော့ဘဲ သူ့အတွက် လက်ဖက်ရည် တစ်ခွက် ဖျော်ပေးသည်။ ခြေထောက်တွေကို နွေးထွေး အောင် လုပ်ပေးသည်။



အကျီနှင့် လည်စည်းကိုပါ ချွတ်ပေး ပြီး ဆံပင်တွေကို ပွတ်သပ်ပေးသည်။

"မောင်၊ ကျွန်မတို့ အိပ်ရာဝင်ကြရအောင်"ဟု ဇနီးက ချိုသာစွာ ပြောသည်။

"အေး . . . ကောင်းသားပဲ၊ ကိုယ်အိမ်ပြန်ရင် အိမ်မှာကမယားကြီးက ကုလားထိုင်ပေါ်မှာပဲ အိပ်ခိုင်းမှာ"ဟု ယောက်ျားဖြစ်သူက အာလေးလျှာလေးဖြင့် ပြောသည်။




### ၃။ ဒီလိုမကြည့်ပါနဲ့

အရက်မူးသမားတစ်ယောက် ရေချိန်ကိုက်ပြီး ဆိုင်ထဲမှ ထွက်ကာ အိမ်ကို လမ်းလျှောက်ပြန်ခဲ့သည်။ သူသည် လမ်းလျှောက်နေရင်းနှင့် တိရစ္ဆာန်ရုံထဲကို ဝင်မိလျက်သား ဖြစ်နေ၏။ သူ့မျက်လုံးအစုံကို ဖြဲကြည့်တော့မှ ရေမြင်း ထည့်ထားသော လှောင်အိမ်ရှေ့သို့ ရောက်နေသည်ကို တွေ့လိုက်ရသည်။ အမူးသမားက ရေမြင်းကို ကြည့်ပြီး ပြောလိုက်သည်မှာ. . .

"ငါ့ကို ဒီလိုကြီး မကြည့်ပါနဲ့ မိန်းမရယ်။ ဖြစ်ကြောင်းကုန်စင်ကို ငါ ရှင်းပြပါ့မယ်"





### ၄။ နေစမ်းပါဦး

အမူးသမားတစ်ယောက်သည် ဘားဆိုင်ထဲသို့ ဝင်သွားကာ

"ကျွန်တော့်ကို ဂျင် နဲ့ တော်နစ် ပေးပါ"

"ခင်ဗျား မူးနေပြီ။ ပြန်တော့"ဟု ဘားစာရေးက ပြောသည်။

ထိုအခါ အမူးသမားသည် ဆိုင်ထဲမှ ပြန်ထွက်သွားပြီး ထိုဘလောက်ကို ပတ်လျှောက်ကာ ထိုဘားဆိုင်ထဲကိုပဲ ပြန်ရောက်လာသည်။

"ကျွန်တော့်ကို ဂျင် နဲ့ တော်နစ် ပေးပါ"

"ခင်ဗျားမူးနေပြီ။ ပြန်တော့"ဟု ဘားစာရေးက ဆိုပြန်သည်။

အမူးသမားသည် ဆိုင်ထဲမှ ပြန်ထွက် သွားပြီး ထို ဘလောက်ကို ပတ်လျှောက်ကာ ထိုဘားဆိုင်ထဲကိုပဲ ပြန်ဝင် လာပြန်သည်။

"ကျွန်တော့်ကို ဂျင် နဲ့ တော်နစ် ပေးပါ"

"ခင်ဗျားမူးနေပြီ။ ပြန်တော့"ဟု ဘားစာရေးက ဆိုပြန်သည်။

ထိုအခါ အမူးသမားက . . .

"ဒါနဲ့၊ နေစမ်းပါဦး။ ဒီတစ်မြို့လုံးက ဘားဆိုင် တွေအားလုံး ခင်ဗျားတစ်ယောက်တည်း ပိုင်တာလားဗျ"





**၃။ အလျှင်မှီအောင်လိုပါ**

တစ်ညနေတွင် အရက်သမားတစ်ယောက်သည် ဘားဆိုင် တစ်ဆိုင်၌ အရက်ထိုင်သောက်နေ၏။သူ့ဘေးစားပွဲရှိ လူတစ်ယောက် ဝီစကီသောက်ပုံကို ကြည့်ပြီး သူ စိတ်လေသွားသည်။ သူ့ဘေးစားပွဲကလူသည် စားပွဲထိုး လာချပေးသည့် ဝီစကီ

တစ်လုံးကို တစ်ကျိုက်တည်း မော့သောက် ပစ်လိုက်သည်။ ထိုအခါ သူ မနေနိုင်တော့ပဲ ထိုလူ့ကို ပြော ရတော့သည်။

"မိတ်ဆွေ၊ ဒီလောက်ကောင်းတဲ့ ဝီစကီကို ဒီလိုကြီး သောက်ပစ်နေတာ သိပ်နည်းလမ်းမကျဘူးဗျာ"

ထိုလူကလည်း ပြန်ပြောသည်။

"ကျွန်တော် သိပါတယ်ဗျာ။ မတော်တဆ ဖြစ်ခဲ့ လို့ ဒီလိုသောက်မှ ဖြစ်တော့မှာမို့. . . အခုလို သောက် ရတာပါ"

"ဘယ်လို မတော်တဆ ဖြစ်ခဲ့တာလဲဗျ"

"မနိပ်ပါဘူးဗျာ။ ကျွန်တော့် တံတောင်ဆစ်နဲ့ လုံးဝ မသောက်ရသေးတဲ့ အရက်ပုလင်းကို တိုက်မိခဲ့တာ၊ ကျကွဲသွား တယ်လေ"



၆။ **မဖြစ်သင့်ဘူး**

လူတစ်ယောက်သည် ဘုံဆိုင်ထဲသို့ ဝင်လာကာ ဘားစာရေး ကို မှာသည်။

"ဟေ့၊ ဒီဆိုင်မှာ အကောင်းဆုံးနဲ့ ဈေးအကြီးဆုံး ယမကာတစ်ခွက် ပေးစမ်းကွာ"

ဘားစာရေးက အရက်ချပေးသောအခါ ထိုလူက အရက်ကို ကုန်အောင်သောက်ပြီး ခွက်ကို ပြန်ချထားကာ ညည်း သည်။

"အင်း၊ ကျွပ်မှာရှိတဲ့ ပိုက်ဆံနဲ့ ဒီအရက်ကို မသောက် သင့်ပါဘူးဗျာ"

"ခင်ဗျားမှာ ဘယ်လောက်ပါလဲ"ဟု ဘားစာရေး က မေးသည်။

"၁၀ ပြား"



**၅။ သတ္တိရှင်**

သွားကိုက်သည့် ဝေဒနာကို အလူးအလဲ ခံစားနေရသည့် လူတစ်ယောက်သည် ရှိသမျှသတ္တိတွေ အကုန်စုစည်းပြီး သွားဆရာဝန်ထံ သွားပြသည်။ ဆေးခန်းထဲက ထိုင်ခုံမှာ ထိုင်လျှင် ထိုင်ချင်း သူ့သတ္တိတွေ ဘယ်ရောက်ကုန်သည် မသိ။ ကြောက်စိတ်တွေ ဝင်လာသည်။

ထိုအခါ ဆရာဝန်က. . .

"ဝီစကီတစ်ခွက် သောက်လိုက်ပါလား။ ဒါမှ ခင်ဗျား စိတ်တွေ ငြိမ်သွားမှာ"

ထိုလူက ဆရာဝန်ပေးသော ဝီစကီတစ်ခွက်ကို ပြောင်စင်အောင် သောက်ပစ်လိုက်သည်။

"အခု ဘယ်လိုနေလဲ"ဟု ဆရာဝန်က မေးသည်။




"ကျွန်တော် ကြောက်နေတုန်းပဲ ဆရာ"

ထိုအခါ ဆရာဝန်က သူ့ကို နောက်ထပ် ဝီစကီ တစ်ခွက် ထပ်ပေးသည်။ ဒီလိုနှင့် တစ်ခွက်ပြီးတစ်ခွက် သောက်လိုက်ရာ ငါးခွက်မြောက်သွားလေသည်။

"ကဲ၊ ခင်ဗျား အခုတော့ သတ္တိတွေ ပြန်ရှိလာပြီ မဟုတ်လား"ဟု ဆရာဝန်ကမေးသည်။

ထိုအခါ လူနာက လက်သီးလက်မောင်းတန်းကာ. . .

"ကျုပ်ပြောမယ်. . . ဒီအချိန်ကစပြီး ကျုပ် သွားကို ထိရဲရင် ထိကြည့်။ မီးပွင့်သွားမယ်"




**၈။ သနားတတ်သူ**

မထမအမူးသမား ။ ။ “ဟေ့ . . . စားပွဲထိုး၊ ငါ့ကို မြင်းလည်ပင်းပေး”

ဒုတိယအမူးသမား။ ။ “ငါ့ကို မြင်းအမြီးပေး ဟေ့။ ဒါဆို မြင်းနှစ်ကောင် သတ်စရာ မလိုဘူး”





**၉။ လေ့ကျင့်ခန်း**

မိန်းမတစ်ယောက်သည် စူပါမားကက်တစ်ခုတွင် ဈေးဝယ်ထွက်ရာ မိတ်ဆွေတစ်ယောက်နှင့် တွေ့ပြီး သူ့ယောက်ျား အရက်သမားအကြောင်း စကားစပ်မိကြသည်။

“စီးကရက်ရောင်းတဲ့စက်သာ ဘားဆိုင်နဲ့ ခြေလှမ်း သုံးလေးလှမ်းအကွာမှာ မရှိဘူးဆိုရင်၊ ကျွန်မ ယောက်ျားဟာ နည်းနည်းလေးမှ လေ့ကျင့်ခန်း လုပ်ဖြစ်မှာ မဟုတ်ဘူးရှင်”



### ၁၀။ မထူးပါ

သူငယ်ချင်းနှစ်ယောက်သည် အရက်ကို ဆိုင်ပိတ်ချိန် အထိ သောက်ကြ၏။ ဆိုင်ပိတ်မှ နှစ်ယောက်သား ယိုင်ထိုး၊ ယိုင်ထိုးနှင့် အိမ်ပြန်ခဲ့ကြသည်။ သူတို့ နှစ်ယောက်ထဲမှ တစ်ယောက်မှာ အမူးလွန်နေလေသည်။ ထို့ကြောင့် သိပ်မမူးသေးသူက အမူးလွန်နေသူကို. . .

"ဟေ့ကောင်၊ မင်း ဒီပုံအတိုင်း လမ်းလျှောက် ပြန်ရင်တော့ မဖြစ်ဘူး။ ဘတ်စ်ကားစီးပြီး ပြန်ပါလား"

ထိုအခါ အမူးလွန်နေသူက. . .

"အဲဒါလည်း မထူးပါဘူး။ ငါ ဘတ်စ်ကား စီးပြီး ပြန်လည်း ငါ့မိန်းမက ဘတ်စ်ကားကို အိမ်ထဲ အဝင်ခံမှာ မဟုတ်ဘူးကွ"





### ၁၁။ ကျေးဇူးကြီးလှပါတယ်

တရားသူကြီးက တရားခွင်တွင် တရားခံနေရာမှာ ရှိနေသူ ကို ကြည့်ပြီး . . .

"မောင်ရင် ဘာတွေဖြစ်နေတယ် ဆိုတာကို ကျုပ် ပြောပြမယ်။ အရက်. . . အရက်ကသာ မောင်ရင် လက်ရှိ ရင်ဆိုင်နေရတဲ့ ပြစ်မှုတွေရဲ့ အဓိက တရားခံပဲ။အရက် ကြောင့်သာ ဒီအမှုတွေ ဖြစ်နေတာ"

ထိုအခါ တရားခံ အမူးသမားက . . .

"ကျေးဇူးကြီးမားလှပါတယ် တရားသူကြီးမင်း ခင်ဗျား။ လူတိုင်းက ကျွန်တော့်အပြစ်ပဲလို့ ပြောပြောနေကြ လွန်းလို့ပါ"



### ၁၂။ လမ်းထောင့်

ရဲသားတစ်ယောက် ကင်းလှည့်နေရင်းနှင့် အမူးသမား တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်၏။ ထိုအခါ အမူးသမားက

"ဆရာ၊ လမ်းထောင့်က ဘယ်နားမှာလဲ ခင်ဗျာ"

"ခင်ဗျား ရပ်နေတာ လမ်းထောင့်ပဲလေ"

"ဩော်. . .. ဒါကြောင့် မတွေ့မိတာကိုး"ဟု အရက်သမားက ငြီးတွားလိုက်လေသည်။






### ၁၃။ ကျန်ပါသေးတယ်

"မနေ့ညက ခင်ဗျား အရက်မူးပြီး အိမ်ပြန်သွားတော့၊ ခင်ဗျား မိန်းမ ဒေါကန်နေသေးလားဗျ"

"သိပ်ဒေါမကန်ပါဘူးဗျာ။ ကျုပ်ရှေ့သွားတွေ မရှိတော့တာသာ ကြည့်ပေတော့။ အောက်သွားတွေ ကျန်နေသေးတယ်လေ"



**၁၄။ မင်းကတော့ အဆင်ပြေပါတယ်**

သူငယ်ချင်းနှစ်ယောက် အရပ်ထဲက ပျော်ပွဲရွှင်ပွဲတစ်ခုမှာ သောက်စားပြီး အိမ်ပြန်လာခဲ့ကြလေသည်။

တစ်ယောက်က. . .

"ငါလမ်းလျှောက်တာ ယိုင်နေလား။ ငါယိုင်နေတယ်ဆိုရင် ငါ့မိန်းမက ရိပ်မိသွားလိမ့်မယ်။ ငါမူးနေတယ် ဆိုတာ သူသိသွားရင်တော့ မလွယ်ဘူး။ ဆော်ပလော်တီး ခံရလိမ့်မယ်။ မင်း၊ ဒီမှာ ခဏရပ်နေ။ ငါ မင်းရှေ့က လျှောက်ပြမယ်။ ယိုင်တယ်၊ မယိုင်ဘူးဆိုတာ ငါ့ကို ပြောပြ"ဟု ဆိုကာ ရှေ့မှ လျှောက်သွားသည်။

ကျန်တစ်ယောက်က ထိုလူ လမ်းလျှောက်ပုံကို ကြည့်ပြီးပြော၏။

"မင်း လျှောက်တာကတော့ ဖြောင့်နေတာပဲ။ ဒါပေမဲ့ မင်းနဲ့အတူ လျှောက်နေတဲ့ ငနဲကတော့ လမ်းပြည့် အောင် ယိုင်ထိုးပြီး လျှောက်နေတယ်ကွ"





**၁၅။ မြင်ဆင်မှု**

မင်းခမ်းမင်းနားနှင့် သောက်သုံးနေကြသော ဘားဆိုင်ထဲ တွင် လူတစ်ယောက်သည် သူ ဘယ်လောက် သောက်နိုင် ကြောင်း လူတကာကို လိုက်ပြီး ကြွားလုံးထုတ်နေ၏။ သူ့ကြွားလုံး ဒဏ်ကို သည်းမခံနိုင်သည့်အဆုံး ဆိုင်ထဲမှ ဖောက်သည် တစ်ယောက်က ထရပ်ကာ သူ့ကို စိန်ခေါ် လေတော့သည်။

"ဟေ့လူ၊ ဟောဒီ ရေခဲထည့်တဲ့ ငွေရောင်ပုံးကို ကြည့်စမ်း။ အဲဒီပုံးထဲကို ကျုပ် ဘီယာအပြည့် ထည့်ထားမယ်။ ခင်ဗျား တစ်ခါတည်း ကုန်အောင်သောက်နိုင်ရင် ပေါင် ငါးဆယ်ပေးမယ်"

ထိုအခါ ကြွားလုံးထုတ်သူသည် ဆိုင်ထဲမှ အပြင်သို့ ထွက်သွား၏။

ငါးမိနစ် ကြာသောအခါ ထိုသူသည် ဆိုင်ထဲသို့ ပြန်ဝင်လာပြီး ထိုပုံးထဲကို ဘီယာအပြည့် ဖြည့်နိုင်းလိုက် သည်။ ထို့နောက် ဘီယာကို သတ်မှတ်ထားသည့် စံချိန် အတိုင်း သောက်ပြလိုက်သည်။

သည်တော့မှ စိန်ခေါ်သူက. . .

"ခင်ဗျားကို အရှုံးပေးပါပြီဗျာ။ ဒါနဲ့ ခုနက ခင်ဗျား ဘယ်ကို သွားလိုက်တာလဲ"

ကြွားလုံးထုတ်သူက. . .

"ဘယ်မှ မသွားပါဘူး။ ကျုပ်က ဒီလောက် အများကြီး မသောက်ဖူးတော့ ဘေးက ဘားဆိုင်မှာ သောက်နိုင်၊ မသောက်နိုင် သွားစမ်းသောက်ကြည့်တာပါ"





**၁၆။ သိပ်သိတာပေါ့**

ကုမ္ပဏီတစ်ခု၏ ကော်မတီ အစည်းအဝေးပွဲတွင် အသင်းဝင်တစ်ယောက်မှာ ထိန်းမနိုင်၊ သိမ်းမရ မူးနေ၏။ ထိုအစည်းအဝေးပွဲ၌ ယာယီအရာရှိနှင့် အမြဲတမ်းအရာရှိ လျာထားခန့်အပ်ရေးကို မေးမြန်းဖို့ အခြေအနေ ရောက်လာသောအခါ မူးနေသူက စကားပြောရန် ထရပ် လိုက်သည်။ ထိုအခါ ဘေးနားမှာ ရှိသူက. . .

"ထိုင်စမ်းပါဗျာ။ ခင်ဗျား သိပ်မူးနေပြီ။ ယာယီ နဲ့ အမြဲတမ်း ဘာကွာလဲ ဆိုတာကိုတောင် ခင်ဗျား သိမှာမဟုတ်ဘူး"

ထိုအခါ အမူးသမားက. . .

"အိုး၊ သိပ်သိတာပေါ့။ ကျုပ် အခုမူးနေတယ်။ အဲဒါ ယာယီ၊ တစ်ခဏပဲ။ ဒါပေမဲ့ ခင်ဗျားက လုံးဝ အသုံးမကျတဲ့ ငတုံးကြီးဗျ။ အဲ. . . ဒါကတော့အမြဲတမ်းပဲ"



**၁၇။ ရှုလွန်းလို့ပါ**

အမျိုးသမီးတစ်ယောက်နှင့် အမူးသမားတစ်ယောက် ဆလွန်းဘားထဲတွင် အပြန်အလှန် စကားများနေကြသည်။ အမူး-သမားက. . .

"မင်း ငါ့ကို ဒီလို ရန်စကားတွေ မပြောနဲ့ကွာ။ မင်းပြောပုံက ငါ့ အရင်မိန်းမကို ပြန်သတိရအောင် လုပ်သလို ဖြစ်နေတယ်"

ထိုအခါ အမျိုးသမီးက အော်ဟစ်ကာ. . .

"ကျုပ်က ရှင့်မယားကြီးပဲလေ"





**၁၈။ စိတ်ဆိုးမှာလား**

အိုင်းရစ်လူမျိုးနှစ်ယောက် ဘုံဆိုင်ထဲတွင် စကားဖောင်ဖွဲ့နေကြသည်။ မိုက်ကယ်က. . .

"ဟေ့ကောင် ပက်ထရစ်၊ ငါသေသွားခဲ့ရင် ငါ့သင်္ချိုင်းပေါ်ကို အကောင်းဆုံး ဝီစကီတစ်လုံးလောက် လောင်းချပေးပါကွာ"

ထိုအခါ ပက်ထရစ်က. . .

"လောင်းချပေးရမှာပေါ့ သူငယ်ချင်းရယ်။ ဒါပေမဲ့ အဲဒီဝီစကီကို ငါကျောက်ကပ်ထဲ အရင်ဖြတ်ပြီးမှ လောင်းချပေးမယ်ဆိုရင် မင်း စိတ်ဆိုးမှာလား"



### ၁၉။ သွားပြီ

လူတစ်ယောက်သည် အမူးလွန်ကာ ယိုင်ထိုးယိုင်ထိုး ဖြစ်နေ၏။ သူ လှည့်သောက်သည့် ဆိုင်တွေကလည်း ကုန် သလောက် ဖြစ်နေပြီ။ ဘုံဆိုင်တွေ အားလုံးပိတ်သော အခါ သူသည် အိမ်မပြန်ဘဲ လမ်းပျော်မလေးတစ်ယောက်နှင့် အတူနေလိုက်သည်။ မနက်ငါးနာရီထိုး သူ အိမ် ပြန်ရောက်သွားသောအခါ သူ့မိန်းမ




မအိပ်ဘဲ စောင့်နေသည်ကို တွေ့လိုက်ရသည်။ ထိုအခါ အရက်သမားသည် မူးသလိုလို၊ ဘာလိုလိုနှင့် အဝတ်အစားတွေ ချွတ်သည်။ ရုတ်တရက် သူ့မိန်းမက လှမ်းပြောလိုက်သည်။

"ဘုရားသခင်၊ ရှင့် အတွင်းခံဘောင်းဘီ ဘယ်ရောက်သွားလဲ"

ထိုအခါ အရက်သမားက သူ့အောက်ပိုင်းကို ငုံ့ကြည့်လိုက်ပြီး အလျင်အမြန် စဉ်းစားကာ ပြန်ဖြေလိုက် သည်။

"အို၊ ဘုရားသခင်။ ကိုယ် အလုခံလိုက်ရပြီ "



**၂၀။ ကိစ္စမရှိပါဘူး**

အမူးသမားနှစ်ယောက်သည် ဒယီးဒယိုင်နှင့် ရထားသံလမ်းအတိုင်း လမ်းလျှောက်ပြန်လာကြ၏။


တစ်ယောက်က ဇလီဖားတုံးတွေပေါ် နင်းရင်း-

"ငါ့ တစ်သက် ဒီလောက်များတဲ့ လှေကားထစ် တွေမတွေ့ဖူးပါဘူးကွာ"

ထိုအခါ ကျန်တစ်ယောက်က သံလမ်းကို ကြည့်ပြီး

"လှေကားထစ်များတာက သိပ်ကိစ္စမရှိပါဘူးကွာ၊ လက်ရန်းက နိမ့်လွန်းလှတယ်"





**၂၁။ အုံကြွစရာတော့ မဟုတ်ပါဘူး**

လူတစ်ယောက်သည် အရက် အလွန်အကျွံသောက်ပြီး မူးမူးနှင့် သွားမိသွားရာ လျှောက်သွားနေရင်း သင်္ချိုင်းကုန်း ထဲ ရောက်သွားသည်။ သူသည် မမြင်မကမ်းနှင့် လျှောက်သွားနေရာ တူးထားပြီးသား ကျင်းတစ်ခုထဲသို့ ပြုတ်ကျသွားသည်။ တွင်းထဲရောက်တော့မှ "ကယ်ကြပါ။ ကယ်ကြပါ"ဟု တစာစာ အော်ဟစ်ကာ အကူအညီ တောင်းလေတော့သည်။

သူ့အသံကို မှူးပြီး အိမ်ပြန်လာသည့် သူ့လို အမူး သမားတစ်ယောက်က ကြားသွားရာ. . . ဘာများ ဖြစ်တာပါ လိမ့်ဟု စဉ်းစားရင်း တွင်းနှုတ်ခမ်းဝမှာ သွားကြည့်သည်။

တွင်းထဲမှ အမူးသမားက. . .

"ကျုပ်ကို ဆွဲတင်ပေးပါဦးဗျာ။ ဒီထဲမှာ သေမ လောက် အေးတယ်"

တွင်းနှုတ်ခမ်းဝမှ အမူးသမားက. . .

"အံ့ဩစရာတော့ မဟုတ်လှပါဘူးလေ။ သူတို့ ခင်ဗျားကို မြေဖို့ပေးဖို့ မေ့သွားတာပဲ ဖြစ်ရမယ်"





**၂၂။ သူကိုစူ သူရှင်း**

အရက်သမားနှစ်ယောက် အရက်ဆိုင်မှာ သောက်စား နေကြ၏။ ည ကိုးနာရီ ထိုးသွားသောအခါ သူတို့ နှစ်ယောက် ပိုက်ဆံ ပြတ်သွားသည်။ ထပ်သောက်စရာ မရှိတော့။

ထိုအခါ တစ်ယောက်က. . .

"ဟေ့ကောင်၊ ငါ အကြံရပြီ။ ငါ့အိမ်ကို ပြန်ပြီး ငါ့မိန်းမဆီက ပိုက်ဆံ သွားချေးမယ်"

ထို့နောက် သူတို့နှစ်ယောက် အိမ်သို့ ချီတက် သွားကြလေသည်။ အိမ်ပေါ်ရှိ အိပ်ခန်းသို့ ယိုင်ထိုးယိုင်ထိုး နှင့် တက်သွားရာ အိပ်ခန်းထဲသို့ ရောက်သောအခါ အိပ်ခန်းထဲမှာ သူ့ဇနီးနှင့်အတူ လူစိမ်းယောက်ျား တစ်ယောက် ရှိနေသည်ကို

တွေ့ကြ၏။ ထိုအရက်သမား ကတော့ သူ့မိန်းမ လူစိမ်းယောက်ျားနှင့် အတူရှိနေ သည်ကို သိပ်ပြီး တုန်လှုပ်ပုံမပေါ်။ သူနှင့် အတူပါလာသည့် အရက်သမားက ထိတ်ထိတ်လန့်လန့် ဖြစ်နေသည်။

ပထမ အရက်သမားက. . .

"ဟေ့ အချစ်လေး မင်းရဲ့ ချစ်ဒါလင်အတွက် ပိုက်ဆံလေး ဘာလေး မရှိဘူးလား"

"ကျွန်မ ပိုက်ဆံအိတ်က အောက်ထပ် မီးဖိုချောင်ထဲက စားပွဲပေါ်မှာ။ ဒါနဲ့ ကျေးဇူးပြုပြီး ဒီအခန်းထဲက ကြွကြွပါတော့ရှင်"

ထို့နောက် သူတို့နှစ်ယောက် အောက်ထပ် မီးဖိုချောင်ရှိရာသို့ ဆင်းသွားကြလေသည်။

ပထမ အရက်သမားက. . .

"ဟေ့ကောင်၊ ငါ့မိန်းမ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံတွေ အများကြီးကွ။ ငါတို့ တစ်ယောက်နှစ်ပက်စီ ကောင်းကောင်း သောက်လို့ရသေးတယ်"

"ဟုတ်ပါ့ကွာ။ ဒါနဲ့ မင်းမိန်းမ အခန်းထဲက ငနဲကို ဘယ်လိုလုပ်မလဲ"

"အဲဒီကောင်ကို မေ့ထားလိုက်စမ်းပါကွာ။ သူ သောက်ချင်ရင် သူ့ဘာသာသူ ဝယ်သောက်လိမ့်မယ်"





**၂၃။ မေ့ပစ်ချင်လို့**

ဘားဆိုင်မှာ သောက်နေသည့် အရက်သမားက. . .

"ကျုပ်က မေ့ပစ်ဖို့ အရက်သောက်တာဗျ"

ထိုအခါ ဘားမှာ ထိုင်နေသူက. . .

"ဘာကို မေ့ပစ်ဖို့လဲဗျ"

"ကျုပ်ဟာ အရက်သမားဆိုတာကို မေ့ပစ်ဖို့လေ"



## ၂၅။ အတွဲညီညီ

စကော့လူမျိုးနှစ်ယောက်သည် မူးယစ်သောက်စားမှုနှင့် တလွဲတချော် လုပ်ဆောင်မှုတို့ကြောင့် တရားရုံးမှာ အမှုဆိုင်ရလေသည်။ တရားသူကြီးက တရားလိုကို မေးလေသည်။

"မောင်မင်း၊ သူတို့နှစ်ယောက် မူးနေတယ်ဆိုတာ ဘယ်လိုလုပ် သိလဲ"

"သေသေချာချာကို သိပါတယ် တရားသူကြီးမင်းခင်ဗျား။ တစ်ယောက်က ပိုက်ဆံအိတ်ကို ဖွင့်ပြီး လွှင့်ပစ်တယ်။ ကျန်တစ်ယောက်က ပိုက်ဆံတွေကို လိုက်ကောက် ပြီး အဲဒီလူကို ပြန်ပေးနေပါတယ် ခင်ဗျား . . ."





## ၂၆။ မှတ်မိလား

တစ်ညနေစောင်းတွင် ရဲစခန်း ရုံးခန်းတံခါး ဝုန်းခနဲ ပွင့်သွားသည်။ အထဲကို ဝင်လာသူကား မူးနေသည်ဟုပင် ပြောစရာမလို။ ခြေလှမ်းပင် မမှန်တော့။ ထိုအမူးသမားက တာဝန်ကျရဲအရာရှိကို . . .

"ဆရာခင်ဗျား၊ ကျွန်တော့်ကို မှတ်မိပါရဲ့လား။ အရင်တစ်ပတ်က ကျွန်တော့်အိမ် ဖောက်ထွင်းခံခဲ့ရတာ လေ။ အိမ်သားတွေအားလုံး တစ်ယောက်မှတောင် မနိုးကြ ဘူးလေ"

ထိုအခါ ရဲအရာရှိက . .

"မှတ်မိပါ့ဗျာ။ သိပ်မှတ်မိတာပေါ့"

အမူးသမားက ထပ်မေးလိုက်သည်မှာ . . .

"ဒါဆို၊ ဆရာ ကျွန်တော့်ကို တစ်ခု ကူညီနိုင် မလား။ အဲဒီ ဖောက်ထွင်းဝိဇ္ဇာနဲ့ ကျွန်တော် တွေ့ချင်လို့ပါ။ သူ ကျွန်တော့်အိမ်ကို ဖောက်တုန်းက ကျွန်တော့်မိန်းမ မနိုးအောင် ဘယ်လိုဝင်သလဲ ဆိုတာလေးကို မေးကြည့်ရုံ သက်သက်ပါပဲ"



## ၂၆။ စေတနာရှင်

လူတစ်ယောက်သည် အလုပ်ကိုသွားဖို့ ဘတ်စ်ကား တက်စီးရာ လက်မှတ်စစ်က သူ့ကို မှတ်မိသွားသည်။

"အစ်ကို၊ မနေ့ညက အိမ်ကို ကောင်းကောင်း မွန်မွန် ပြန်ရောက်ရဲ့လား"

ထိုလူက. . .

"ရောက်ပါတယ် ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မနေ့ညက အဘွားကြီး တစ်ယောက်ကို အစ်ကိုနေရာ ဖယ်ပေးပြီး အစ်ကိုက မတ်တတ် ရပ် စီးနေလို့ပါ။ အဲဒီအချိန်က ကျွန်တော်တို့ ကားပေါ်မှာ ခရီးသည်ဆိုလို့ အစ်ကိုနဲ့ အဲဒီ အဘွားကြီး နှစ်ယောက်တည်း ပါတာလေ"






## ၂၇။ သင်ခန်းစာ

အရက်ကောင်းကောင်းနှင့် ဧည့်ခံသည့် ပါတီပွဲတစ်ခု ပြီးသွားသောအခါ ပါတီပွဲလာတက်သူ တစ်ယောက်သည် အမူးလွန်ကာ ယိုင်နဲ့နဲ့နှင့် အိမ်ပြန်သွား၏။ သူ အိမ်ပြန် ရောက်ချိန်က မနက် တစ်နာရီ ရှိပြီ။ သူ့ဇနီးက မအိပ်သေး ဘဲ အိပ်ရာပေါ် ထိုင်လျက် သူပြန်အလာကို စောင့်နေလေသည်။ အိမ်အောက်ထပ်မှာ သူ့ယောက်ျား ပြန်လာပြီး ဟိုဟာ ဝင်တိုက်၊ ဒီဟာ ဝင်တိုက် အသံကို သူအိပ်ခန်းထဲမှ ကြားနေရသည်။ ရုတ်တရက် ဝုန်းခနဲ မြည်သံနှင့်အတူ မှန်ကွဲသံတွေကိုပါ ကြားလိုက်ရ၍ သူ လှမ်းအော်ပြော လိုက်သည်။

"ရှင် အောက်မှာ ဘာတွေလျှောက်လုပ်နေ တာလဲ"

ထိုအခါ ယောက်ျားက အာလေးလျှာလေးနှင့်-

"ငါ့ကို ဟောင်နေတဲ့ ရွှေငါးကို သင်ခန်းစာ ပေးလိုက်တာပါကွဲ"



## ၂။ ဘာသဘောလဲ

ယောက်ျားဖြစ်သူသည် ပြီးခဲ့သည့် ခရစ္စမတ်နေ့တွေ တုန်းကလို နိုးရာမပျက် အရက်မူးပြီး သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်လာသည်။ သူ အပေါ်ထပ် လှေကားကို တက်ရာ ခြေချော်ပြီး တလိမ့်ခေါက်ကွေး ပြုတ်ကျ၍ မျက်နှာတွေ ပွန်းပဲ့သွားသည်။ နောက်တစ်ခါ ပြန်တက်မှပဲ အိမ်ပေါ်ကို ချောချောမောမော ရောက်တော့သည်။ သူ့မျက်နှာမှာ ဒဏ်ရာတွေ ဗရပွနှင့် သွေးတွေထွက်နေတာ ကို တွေ့လျှင် မိန်းမက စစ်ချက်တွေ ထုတ်နေ



မှာစိုး၍ ရေချိုးခန်းထဲဝင်ပြီး ဒဏ်ရာတွေ ဆေးကြောရသည်။

နောက်တစ်နေ့ နံနက်စာ စားပွဲ၌ သူ မူးပြီး အိမ်ပြန်လာသည့်အတွက် သူ့မိန်းမက ဆူပူအပြစ်တင်လေသည်။

ထိုအခါ သူက. . .

"အမိပွာယ်မရှိတာတွေကွာ။ ငါ ပုံပျက်ပန်းပျက် ဖြစ်မနေပါဘူး။ ပုံမှန်လောက်ပါပဲ"

ထိုအခါ သူ့မိန်းမက ပြုံးစစနှင့် . . .

"အင်း၊ ဒါဆိုရင်. . . ရေချိုးခန်းထဲက မှန်တစ်ချပ်လုံး အနာကပ် ပလာစတာတွေ အပြည့်ကပ်ထားတာ က ဘာသဘောလဲရှင့်"



**၂၉။ မတူကြပုံ**

အင်္ဂလိပ်တစ်ယောက်၊ အိုင်းရစ်လူမျိုးတစ်ယောက်နှင့် စကော့လူမျိုးတစ်ယောက်တို့သည် ခပ်ချာချာ ဘုံဆိုင် တစ်ဆိုင်မှာ ဘီယာသောက်နေကြသည်။ ထိုဆိုင်မှာ ယင်ကောင်တွေ ပေါ၏။ ယင်တစ်ကောင်သည် အင်္ဂလိပ်၏ ဘီယာခွက်ထဲသို့ ကျသွား၏။ အင်္ဂလိပ်က ထိုယင်ကောင်ကို သေသေချာချာ ဆယ်ယူလွှင့်ပစ်ပြီးမှ ဘီယာကို ဆက် သောက်သည်။ ဒုတိယ ယင်တစ်ကောင်



သည် အိုင်းရစ် လူမျိုး သောက်နေသည့် ဘီယာခွက်ထဲသို့ ကျသွား၏။ ထိုလူက ဘာကိုမှ သတိမထားမိဘဲ မော့်မော့်ရွှင်ရွှင်နှင့် ဘီယာကို ဆက်သောက်နေသည်။ တတိယ ယင်တစ်ကောင်သည် စကော့လူမျိုး သောက်နေသည့် ဘီယာခွက် ထဲသို့ ပြုတ်ကျသွား၏။ စကော့လူမျိုးက ယင်ကောင်ကို သေသေချာချာ ဆယ်ယူကာ ယင်ကောင်မှာ ကပ်နေသည့် ဘီယာစက်တွေကို ပြောင်စင်သွားအောင် သူ့ခွက်ထဲ ညှစ်ချ ပြီးမှ ယင်ကောင်ကို လွှင့်ပစ်ကာ ဘီယာကို ဆက်သောက် လေ၏။



**၃၀။ လေမရှိလို့**

ဗြိတိသျှ အာကာသယာဉ်မှူးနှစ်ယောက် 'လ'ပေါ်သို့ ဆင်းရာ တစ်ယောက်က 'လ'ပေါ်မှာ အရက်ဆိုင် လိုက်ရှာ သည်။

နာရီဝက်ကြာပြီး ပြန်ရောက်လာသောအခါ ကျန်ခဲ့သည့် သူ့အဖော်က. . .

"ဘယ်လိုလဲ၊ တွေ့ခဲ့လား"

"'လ'တစ်ခုလုံးပေါ်မှာ အရက်ဆိုင်တစ်ဆိုင်ပဲ တွေ့တယ်ကွာ"

"နေရာရော ကောင်းရဲ့လားကွ"

"လုံးဝ မကောင်းဘူး။ လေကောင်းလေသန့် မရှိဘူး"ဟု ပြန်ဖြေလေသည်။





**၃၁။ နောက်ကျနေပြီ**

လူတစ်ယောက်သည် ဘားဆိုင်ထောင့် တစ်နေရာမှာ ရေချိန်ကိုက်နေ၏။ သူသည် ထိုင်နေရင်း ခေါင်းကို ငိုက်လိုက်၊ နောက်ပြန်လှန်လိုက်နှင့် "တစ်တောက်. . . တစ်တောက် . . . တစ်တောက် . . . တစ်တောက် . . ."ဟု ပြောနေလေသည်။ ထိုအခါ ဘားစာရေးက စိုးရိမ်တကြီးနှင့် ထိုလူ့ထံ သွားလေသည်။

"ဟေ့၊ ခင်ဗျား အဆင်ပြေရဲ့လား"

"မြေပါတယ်ဗျ"

"ဒါဆို အခု ခင်ဗျား ဘာလုပ်နေတာလဲ"

"ခင်ဗျား မမြင်ဘူးလား။ကျွန်ုပ်က နာရီတစ်လုံးပဲ"

"အိုဟုတ်လား။ အိုကေ၊ အခု ဘယ်နှနာရီ ထိုးပြီလဲ"

"ဆယ်နာရီခွဲ"

ထိုအခါ ဘားစာရေးက သူ့လက်မှ နာရီကို ကြည့်လိုက်ပြီး . . .

"မဟုတ်ပါဘူး။ ဆယ်နာရီထိုးပြီး ငါးလေးဆယ့်ငါး မိနစ်ရှိပြီ"

ထိုအခါ အမူးသမားက. . .

"အို၊ ဘုရားသခင်။ ကျုပ် နောက်ကျနေပြီ ထင်တယ်။ တစ်တောက်၊တစ်တောက်၊ တစ်တောက်၊တစ် တောက်၊ တစ်တောက်၊ တစ်တောက်. . . ."






## ၃၂။ ပြဿနာ

မစ္စမာလွန် ။ ။ "ကျွန်မတော့ ဒုက္ခပါပဲ၊ မစ္စဖလန် . . ကျွန်မယောက်ျား အခြေအနေ အရမ်းဆိုးနေပြီ။ သူ့အတွက် ဆေးဝယ်လို့ မရနိုင်တော့ဘူး"

မစ္စဖလန် ။ ။ "ဘာဆေးမို့ ဝယ်မရတာလဲ"

မစ္စမာလွန် ။ ။ "အရက်ဆိုင်တွေ ပိတ်ကုန်ပြီလေ"




**၃၃။ မပြေးပါ**

တစ်ညသ၌ အမူးသမားတစ်ယောက်သည် ယိုင်ထိုးယိုင်ထိုးနှင့် အိမ်ပြန်လာခဲ့ရာ ခလုတ်တိုက်မိပြီး လမ်းဘေး ဆိုင်၏ မှန်ပြတင်းကို ဝင်တိုက်မိရာ မှန်ကွဲသွားလေသည်။ ကံကောင်းချင်တော့ သူ ဒဏ်ရာမရလိုက်။ သူ လဲနေရာမှ အားယူပြီး ထလိုက်ချိန်တွင် ရဲတစ်ယောက် သူ့ဆီ လျှောက် လာနေသည်ကို တွေ့၍ အမြန်ထကာ လမ်းအတိုင်း ထွက် ပြေးလေ၏။ ရဲက သူ့နောက်သို့ ပြေးလိုက်သွားရာ အလွယ် တကူပင် ဖမ်းမိသွားသည်။

"ဟေ့လူ၊ မပြေးနဲ့။ ဆိုင်ပြတင်းပေါက်ကို ခွဲပြီး ထွက်ပြေးသွားတာ ကျုပ် မြင်လိုက်တယ်"ဟု ရဲက ဆိုသည်။

ထိုအခါ အမူးသမားက. . .

"ကျွန်တော် ထွက်ပြေးတာ မဟုတ်ပါဘူး ဆရာ။ ဆိုင်ရှင်ကို အလျော်ပေးဖို့ အိမ်ကို အပြေးပြန်ပြီး ပိုက်ဆံသွားယူမလို့ပါ"





**၃၄။ ဈေးကြီးလို့လား**

ခရစ္စမတ် အကြိုနေ့ မနက်စောစောအချိန်မှ အိမ်ကို ပြန်ရောက်လာသည့် အမူးသမား ခင်ပွန်းဖြစ်သူကို ကြည့်ကာ ဇနီးဖြစ်သူက. . .


"ကျုပ် ထင်ပါတယ်၊ ရှင် ပိုက်ဆံတွေ အကုန်သုံးပစ်ပြီ မဟုတ်လား"

"သိပ်ပြီး စိတ်မပူစမ်းပါနဲ့၊ မိန်းမရယ်။ ငါ ပိုက်ဆံတွေ အကုန် သုံးပစ်တာ မှန်ပါတယ်။ ဒါပေမဲ့ အိမ်အတွက်လည်း ဝယ်ခဲ့ပါသေးတယ်ကွ"

ဒီတော့မှ မိန်းမမျက်နှာ ကြည်လင်သွားကာ. . .

"ရှင် အိမ်အတွက် ဝယ်လာတာတွေက သိပ်ဈေးကြီးလို့လား ဟင်။ ဘာတွေများလဲ ရှင်ရယ်"

"ဝီစကီ ရှစ်လုံးတောင် ဝယ်ခဲ့တာကွ"




## ၃၅။ သေချာတယ်

ဆရာဝန်က လူနာကို ပြောနေသည်။

"အရက်သောက်တာ ခင်ဗျားကို အသက်တိုစေတယ်။ ခင်ဗျားသာ အရက်ဖြတ်လိုက်ရင် လူ့ဘဝမှာ အကြာကြီး ဆက်နေရလိမ့်မယ်"

"ဆရာပြောတာ မှန်တယ်။ အရင်တစ်ပတ်က ဆိုရင် ၂၄ နာရီလုံးလုံး ကျွန်တော် အရက်တစ်စက်တောင် မသောက်မိဘူး။ အဲဒီနေ့ဟာလေ ကျွန်တော့်တစ်သက်မှာ အရှည်လျားဆုံး နေ့တစ်နေ့ပဲ"






## ၃၆။ တစ်ခုပြီးမှ တစ်ခု

အားလပ်ရက်တစ်ရက် ဘုရင်တနင်္ကမ်းခြေတွင် လူတစ်ယောက်သည် ရေကူးနေရင်း ကြွက်တက်ပြီး ရေနစ် သွားသည်။ ထိုအခါ တခြား ရေကူးနေသူတွေက သူ့ကို ကယ်ပြီး သဲသောင်ပေါ်မှာ ပက်လက်လှန်လျက် ထားရာ၊ တစ်ယောက်က ဝီစကီတစ်လုံး ယူလာပြီး အဖုံးကို ဖွင့်၏။ ထိုအခါ ရေနစ်သူက အသက်ကို အားယူရှူရင်း ပြောလိုက် သည်။

"ခင်ဗျားတို့ ကျုပ်ကို ဝီစကီ မတိုက်ခင် ကျုပ်ဗိုက်ထဲက ရေတွေကို အရင်ထုတ်ပေးရင် ကောင်းမယ် ထင်တယ်"



**၃၇။ သူဘယ်မှာနေလဲ**

မနက် တစ်နာရီထိုး အချိန်တွင် အမူးသမားတစ်ယောက် သည် အိမ်တံခါးကို တဝုန်းဝုန်း ထုနေ၏။ ထိုအခါ အပေါ်ထပ်မှ ပြတင်းပေါက်တစ်ပေါက် ပွင့်လာပြီး အသက် ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက် ပေါ်လာ၏။

"ဟော့၊ မင်း ဘာလိုချင်လို့လဲ"


ထိုအခါ အမူးသမားက. . .

"ဒေါ်ဒေါ်ခင်ဗျား၊ ဒေဗီစမစ် ဘယ်မှာနေသလဲ ဆိုတာ သိချင်လို့ပါ"

"ဟဲ့၊ သူငယ်။ မင်း ဘာဖြစ်နေတာလဲကွယ့်။ မင်းက ဒေဗီစမစ်ပဲလေ"

"ဒါတော့ သိတာပေါ့ ဒေါ်ဒေါ်ရဲ့။ ဒါပေမဲ့ သူ ဘယ်မှာနေလဲဆိုတာ သိချင်တာဗျ"






**၃၈။ တစ်စီးတည်း စီး**

အချိန်မှန် အရက်သောက်သူနှစ်ယောက် ရထားတစ်စီး ပေါ်မှာ ဆုံမိကြသည်။ သူတို့နှစ်ယောက်သည် စားပွဲ သောက်ပွဲတွေမှာ ကြိမ်ဖန်များစွာ တွေ့ဖူးပြီး၊ ရင်းနှီးပြီးသား ဖြစ်၍ တစ်ယောက် နှင့်တစ်ယောက် ရင်းနှီးနေသည်။ ရထားပေါ်မှာ ဆုံကြသော အခါ ဝမ်းသာအားရ စကားတွေ ပြောကြသည်။ တစ် ယောက်က. . .

"မိတ်ဆွေ၊ ရထားနဲ့ ခရီးသွားရတာ တကယ့်ကို အံ့သြစရာ ကောင်းတာပဲနော်။ ခုပဲကြည့်လေ၊ ခင်ဗျားက လန်ဒန်ကို သွားရမှာ။ ကျုပ်က အီဒင်ဘတ်ကို သွားမှာ။ အခု ရထားတစ်စီးတည်းပေါ်မှာ ဆုံနေတယ်လေ"



**၃၉။ သူများတွေ ပြန်ကုန်ပြီ**


အမူးသမားတစ်ယောက်သည် တစ်လမ်းသွားလမ်းမကို လမ်းပြောင်းပြန် မောင်းဝင်သွား၏။ ထိုအခါ ရဲက သူ့ကားကို တားပြီးနောက် . . .

"ဟေ့လူ၊ ခင်ဗျားကိုယ်ခင်ဗျား ဘယ်သွားနေတယ်လို့များ ထင်နေလဲ"

ထိုအခါ အမူးသမားက. . .

"မသိပါဘူးဆရာ။ ဒါနဲ့ ဒီနေရာက ဘာနေရာ လဲ။ ကျွန်တော် အရမ်းနောက်ကျနေပြီ ဆရာ။ သူများတွေ အားလုံးပြန်လာနေကြပြီ။ ဟိုမှာ ကားတွေ တွေ့လား"






**၄၀။ ပျော်မှာပေါ့**

ပါတီစည်သည်-၁- "ငါပြောမယ်၊ ကောင်လေး။ ဒီပန်းချီက နည်းနည်းပျော့တယ် မဟုတ်လား"

ပါတီစည်သည်-၂- "ဒီမှာ၊ အန်ကယ်ကြီး။ အန်ကယ်ကြီး သောက်နေတာ အလှမွေး ငါးကန်ထဲက ရေတွေလေ"



### ၄၁။ ဂွဒ်နိုက်

ရုံးက ပြုလုပ်သည့် ခရစ္စမတ်ပျော်ပွဲကြီး ခရီးတစ်ဝက် ရောက်နေလေပြီ။ သောက်လိုက်သည့် အရက်တွေက လည်း အလျှံပယ်။ အရောင်းမန်နေဂျာတစ်ယောက်သည် တစ်ဝိုင်း ပြီးတစ်ဝိုင်း လှည့်လည်ရင်း တွေ့သည့်လူတိုင်းကို 'ဂွတ်နိုက်' ဟု လိုက်လံနှုတ်ဆက်နေသည်။ ထိုအခါ မန်နေးဂျင်း ဒါရိုက် တာကဲ့. . .

"ဟေ့၊ အရောင်းဒါရိုက်တာ။ ခင်ဗျား အိမ်မပြန် သေးဘူး မဟုတ်လား"

ထိုအခါ မန်နေဂျာက. . .

"မပြန်သေးပါဘူး ဆရာ။ လူမှန်းသူမှန်းသိတုန်း ကျွန်တော် ရင်းနှီးတဲ့လူတွေကို ကြိုပြီး နှုတ်ဆက်ထား တာပါ"






### ၄၂။ ကိုယ်ပိုင် သက္ကရာဇ်

ဂျင် ။ ။ "မင်း၊ အရက်သောက်တာနဲ့ ပတ်သက်ပြီး ဆရာဝန်က ဘာပြောလဲ"

ဂျိုး ။ ။ "သူက ငါ့ကို တစ်နေ့ တစ်ခွက်ပဲ သောက်ရမယ်လို့ ပြောတယ်"

ဂျင် ။ ။ "ဒါဆို၊ မင်း သူပြောတဲ့အတိုင်း လိုက်နာတယ် ပေါ့"

ဂျိုး ။ ။ "အိုး၊ လိုက်နာရတာပေါ့ကွာ။ အခုဆို ငါ့ သက္ကရာဇ်က ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ကို ရောက်နေပြီ"




### ၄၃။ ငါ မဟုတ်ပါဘူး

မနက်စာ စားပွဲတွင် ခင်ပွန်းဖြစ်သူက. . .

“ချစ်မရယ်၊ မနေ့ညက ကိုယ် အိမ်ပြန်လာတော့ ဘာမှ ဆူညံပူညံ မလုပ်ရပါဘူးကွာ။ ကိုယ့်ကို အပြစ်တွေပဲ ပြောမနေပါနဲ့”

“ရှင်ကတော့ ဘာမှမလုပ်ဘူးလေ။ ဒါပေမဲ့ ရှင်ခေါ်လာတဲ့ ဟာတွေက တစ်ညလုံး ဆူညံနေတာကိုး”





### ၄၄။ ရန်သူ

ဘုန်းတော်ကြီး။ ။“ချစ်သား၊ မင်း အရက်ကို ဖြတ်သင့် ပြီ။ အရင်ကတည်းက ငါ ပြောပြီးသားပဲ။ အရက်ဟာ သင့်ရဲ့ အဆိုးဆုံး ရန်သူပဲ ဆိုတာ”

အမူးသမား ။ ။“အရှင် ပြောဖူးပါတယ်။ မှန်ပါတယ် ဆရာတော်။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ ရန်သူတွေကို ကျွန်ုပ်တို့ မေတ္တာထားရမယ်လို့လည်း ပြောခဲ့ဖူးပါတယ်”




**၄၃။ ဆရာတပည့်**

ပါမောက္ခ ။ ။ "ဒီအတန်း မငြိမ်မချင်း ငါ စာမသင်ဘူး"

နောက်တန်းမှ အသံ ။ ။ "ဒါဆို ဘာဖြစ်လို့ အိမ် ပြန်ပြီး အိပ်မနေတာလဲ"






**၄၄။ တူလွန်းလို့**

အရက်သမားနှစ်ယောက် မူးပြီး အိမ်ပြန်လာခဲ့ကြရာ တစ်ယောက်က. . .

"ဟေ့ကောင်၊ ခုနက ငါတို့ ဖြတ်သွားတဲ့ လူတစ်ယောက်က မင်းနဲ့ တော်တော်တူတာပဲကွ"

"ဟုတ်လား။ ဒါဆို ငါတို့ အဲဒီလူကို ပြန်ရှာရအောင်။ အဲဒီလူဟာ ငါများ ဖြစ်နေမလား မသိဘူးနော်"



## ၅၇။ မင်းမှ မသွားချင်တာ


အရက်ဘားပေါ် ခေါင်းငိုက်စိုက်ကျနေသူမှာ မူးနေတာ သေချာသည်။ ထိုသူက ဘားစာရေးကို အိမ်သာ ဘယ်မှာ ရှိလဲ၊ အပေါ့ သွားချင်လို့ပါဟု ဆိုသည်။ ထိုအခါ ဘား စာရေးက အိမ်သာရှိရာ ညွှန်ပြလိုက်ပြီး "ကျွန်တော့် အတွက်ပါ ပိုသွားပေးဦး"ဟု နောက်လိုက်သည်။



ခဏကြာသောအခါ အမူးသမား ပြန်ထွက် လာပြီး ဘားမှာ ပြန်ထိုင်သည်။ ထိုင်ပြီးမှ ဘားစာရေးကို ကြည့်ကာ "အဲဒါမှ ဒုက္ခပဲကွာ။ ငါ မင်းအတွက် အပေါ့ သွားပေးဖို့ မေ့သွားတယ်"ဟု ဆိုကာ အိမ်သာဘက်ကို ထွက်သွားပြန်သည်။ ငါးမိနစ်ခန့် ကြာသောအခါ အိမ်သာ ထဲမှ ပြန်ထွက်လာပြီး ဘားမှာ ပြန်ထိုင်ကာ ပွစိပွစိနှင့် စကားတွေ ပြောနေသည်။

"ဘာဖြစ်လို့လဲဗျ"ဟု ဘားစာရေးက သူ့ကို မေးသည်။

"မင်းက အပေါ့မှ မသွားချင်တာ"ဟု အမူးသမားက ဆိုလေသည်။



## ၄၈။ အသက်ဝင်လွန်းလို့

လူတစ်ယောက်သည် အရက် အလွန်မူးနေ၏။ သူ့ သူငယ်ချင်း ပန်းချီဆရာက ပန်းချီကားတွေ လိုက်ကြည့် ပေးဖို့ ခေါ်ရာ သူလိုက်သွားသည်။ သူ့ သူငယ်ချင်းအိမ် ရောက်သွားသောအခါ ရေးဆွဲလက်စဖြစ်သည့် ရှုမျှော်ခင်း ပန်းချီကားကို အချိန် အတန်ကြာအောင် သေသေချာချာ ကြည့်ပြီးမှ. . .

"ဟေ့ကောင်၊ မင်းလက်ရာ သိပ်ကောင်းတယ်။ ဒီ ရှုမျှော်ခင်းကားထဲက အပင်လေးတွေက သက်ရှိ အပင် လေးတွေလိုပဲ လှုပ်နေတယ်နော်။ မင်း သိပ်တော်တယ်ကွာ။ ဘယ်လိုများ ဆွဲလိုက်တာလဲ"





## ၄၉။ ထီးပျောက် ရှာပုံတော်

အိုင်းရစ် လူမျိုးတစ်ယောက်သည် မြို့ထဲရှိ ဆိုင်တကာ စုံအောင် လှည့်သောက်ပြီးမှ အိမ်ကို ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်မှ သူ့ထီး ဆိုင်တစ်ဆိုင်မှာ မေ့ကျန်ခဲ့ပြီ ဆိုသည်ကို သိလိုက်ရ သည်။ နောက်တစ်နေ့ ရောက်သော အခါ သူရောက်ခဲ့သည့် ဆိုင်၁၅ဆိုင်ကို ဖုန်းဆက်ပြီး သူ့ထီးကို တွေ့၊ မတွေ့ လှမ်းမေး သည်။ ၁၄ဆိုင်မြောက် အထိ သူ့ထီးကို မတွေ့ပါဟု ဆိုင်ရှင် များက ပြန်ဖြေသည်။

၁၅ဆိုင်မြောက်မှ သူ့ထီးကို တွေ့သည်ဟု ဆိုင်ရှင်က အကြောင်း ပြန်သည်။ထိုအခါ အိုင်းရစ်လူမျိုးက ဆိုင်ရှင်ကို ပြန်ပြောလိုက်သည်မှာ. . .

"ဒီမြို့ထဲမှာ ခင်ဗျားဟာ အရိုးသားဆုံး အရက် ဆိုင် ပိုင်ရှင်ပဲ။ တခြားဆိုင်တွေကတော့ ကလိမ်ကကျစ် တွေဗျ။ ကျွန်တော့်ထီးကို သူတို့ မတွေ့ဘူးတဲ့"



**၅၂။ ရည်ရွယ်ချက်**

လူနှစ်ယောက် အရက်ဆိုင်မှာ စကားပြောနေကြ၏။

"မင်းဘဝမှာ ဘာလုပ်ဖို့ ရည်ရွယ်ထားလဲ"ဟု တစ်ယောက်က မေးသည်။

"ကိုယ်ပိုင် အရက်ဆိုင် ဖွင့်မယ်လို့ ရည်ရွယ်ထားတယ်။ မင်းကရော. . ."

"ကျွေးရှုံးမဲ့ကွာ၊ မင်းဆိုင်မှာ ဘရန်ဒီ အလကား လာသောက်မယ်"





**၅၃။ ဘီယာက ကောင်းပါတယ်**

ဘားတစ်ခု၌ ဖောက်သည်တစ်ယောက်က ဘီယာထဲမှာ အနည် တွေပါသည်ဟု ဘားစာရေးကို ပြောရာ၊ ဘား စာရေးက. . .

"ဘီယာက ကောင်းပါတယ် သန့်ပါတယ် ဆရာ။ ဖန်ခွက်က ညစ်ပတ်နေလို့ အနည်ပါတယ်လို့ ဆရာ ထင်နေ တာပါ"



**၃၂။ သူဘယ်မှာနေလဲ**

အိုင်းရစ်လူမျိုးနှစ်ယောက်သည် အရက်မူးပြီး ရမ်းကားမှုနှင့် တရားရုံးကို ရောက်လာ၏။ တရားသူကြီးက အမူးသမား တစ်ယောက်ကို. . .

"မောင်မင်း ဘယ်မှာနေလဲ"

"နေစရာ အတည်တကျ မရှိပါဘူး . . . တရားသူကြီးမင်း ခင်ဗျား"


ထိုအခါ တရားသူကြီးက နောက်တစ်ယောက်ကို ထပ်မေးသည်။

"မောင်မင်းကရော၊ ဘယ်မှာနေလဲ"

"သူ့အခန်းရဲ့ အပေါ်ထပ်မှာ နေပါတယ်။ တရားသူကြီးမင်း ခင်ဗျား"







**၃၂။ တစ်ခွက်တည်း**

ဒေါကန်နေသော ဖနီးက ခင်ပွန်းသည်ကို. . .

"ရှင် မနေ့ညက အရက်မူးနေတာ ဝန်ခံမှာလား၊ ဝန်မခံဘူးလား"

ခင်ပွန်းဖြစ်သူကလည်း ပြန်ဖြေသည်။

"ငါ တစ်ခွက်တည်း သောက်တာပါ မိန်းမရယ်။ ပြဿနာက သူတို့ ငါ့ခွက်ထဲကို အရက်တွေ အဆက်မပြတ် ဖြည့်ပေးနေလို့ပါ"





**၃၃။ ကောင်းတယ်**

ပျော်ပွဲရွှင်ပွဲမှာ လုံးဝ သက်ဝင်လှုပ်ရှားတာ မြူးထူးနေသည်။ လူတစ်ယောက်သည် ဘီယာအပြည့်ပါသော ဖန်ခွက်ကို ကိုင်ပြီး ချောင်တစ်နေရာမှာ ရပ်နေသည့် လူတစ်ယောက် ကို သွားမေးသည်။

"ခင်ဗျား အရက်သောက်လား"

"ဟင့်အင်း၊ မသောက်တတ်ဘူး"ဟု ရပ်နေသူက ပြန်ဖြေသည်။

"ကောင်းတယ်ဗျာ။ ဒါဆိုရင် ကျွန်တော့် ဘီယာခွက်လေး ခဏလောက် ကိုင်ထားပေးပါလား။ ကျွန်တော် ဖိနပ်ကြိုး ချည်လိုက်ချင်လို့"



**၃၆။ အရက်အစား**

လူတစ်ယောက်သည် အရက် အလွန်အကျွံသောက်မှု ကြောင့် ဆရာဝန်ထံ သွားပြီး အကြံဉာဏ်တောင်းရာ၊ ဆရာဝန်က သူ့ကို အရက်ဖြတ်ဖို့ပါ ပြောသည်။ သူ အရက် သောက်ချင်လာလျှင် တစ်ခုခုစားပါက ပိုကောင်းမည်ဟု အကြံပေးသည်။ ဆရာ ပေးသည့် အကြံအတိုင်း နေကြည့်ရာ သူ့အတွက် အဆင်ပြေ လှသည်။

တစ်ညတွင် သူ့လုပ်ငန်းအတွက် ခရီးထွက်ရန်



ဟိုတယ်ခန်းထဲမှာ ခြင်ဆင်နေစဉ် သူ့ဘေးခန်းဆီမှ ထူးဆန်း သည့် အသံများကို ကြားလိုက်ရသည်။ ထို့ကြောင့် အခန်းအမြင် ဘက်ထွက်ပြီး သော့ပေါက်ထဲမှ ချောင်းကြည့် လိုက်ရာ လူတစ် ယောက်သည် သူ့ကိုယ်သူ ကြိုးဆွဲချသေဖို့ ကြိုးစားနေသည်ကို ထိတ်လန့်ဖွယ်ရာ ကောင်းစွာ မြင်လိုက် ရလေသည်။ သူသည် အောက်ထပ် . ညကြီးဌာနဆီသို့ အပြေးအလွှား ဆင်းသွား ကာ. . .

"မြန်မြန်ဗျို့၊ မြန်မြန် . . . ကျုပ် ဘေးခန်းက လူတစ်ယောက် သူ့ကိုယ်သူ ကြိုးဆွဲချသေဖို့ လုပ်နေတယ်။ ဘုရားသခင် ကယ်ပါ။ ကျွန်တော့်ကို ဝက်ပေါင်ခြောက်နဲ့ ကြက်ဥ တစ်ပွဲလောက် မြန်မြန် ပေးပါဦး"



**၅၇။ ကိစ္စ မရှိပါဘူး**

ပြိုင်ပွဲတစ်ပွဲ ပြီးသောအခါ အရက်သမားနှစ်ယောက်သည် ဟိုတယ်အသေးစားလေး တစ်ခု၏ နှစ်ယောက်အိပ်ခန်းကို ငှားကြသည်။ အိပ်ရာဝင်ချိန် ရောက်သောအခါ သူတို့နှစ်ယောက်စလုံး အဝတ်အစားတွေမလဲဘဲ မီးမှိတ်ကာ နှစ်ယောက်အိပ် ခုတင်ပေါ်တွင် အတူအိပ်ကြလေသည်။ ခဏကြာသော် ပထမတစ်ယောက်က ကျန်တစ်ယောက်ကို ပြောသည်။

"ဟေ့ကောင်၊ ငါ့ခုတင်ပေါ်မှာ လူတစ်ယောက်



အိပ်နေတယ်ကွ"

ထိုအခါ ကျန်တစ်ယောက်ကလည်း . . .

"ငါ့ ခုတင်ပေါ်မှာလည်း လူတစ်ယောက် အိပ်နေတယ်ကွ"ဟု ပြန်ပြောသည်။

"ကဲ. . . ဒါဆို ဒီကောင်တွေကို ငါတို့ ကန်ချကြမယ်"ဟုဆိုကာ ပထမတစ်ယောက်က စတင်ကန်ကျောက်လေသည်။ ဒီလိုနှင့် သူတစ်ပြန် ကိုယ်တစ်ပြန်၊ ကန်လိုက်ကြရာ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်တော့သည်။

နောက်ဆုံးတွင် ပထမတစ်ယောက်က ပြောသည်။


"ဟေ့ကောင်၊ ငါ့ ခုတင်ပေါ်က ကောင်ကိုတော့ ငါကန်ချပြီးပြီ"

ထိုအခါ ကျန်တစ်ယောက်က. . .

"ငါ့ ခုတင်ပေါ်က ကောင်ကိုတော့ ငါမနိုင်ဘူး ကွာ။ ငါ့ကို ဒီကောင်က ခုတင်ပေါ်က ကန်ချတယ်"

ထိုအခါ ပထမတစ်ယောက်က. . .

"ဒါဆိုလည်း ကိစ္စမရှိပါဘူးကွာ။ မင်း ငါ့ခုတင် ပေါ်လာအိပ်ပေါ့"



**၅။ စိတ်မချရဘူး**

နံပါတ် ၇၃ ကားပေါ် တက်စီးလာသော အမူးသမားသည် တော်တော်ဆိုး၏။ ၇၃ ကားမှာ နှစ်ထပ် ဘတ်စ်ကား ဖြစ်၏။ အမူးသမားသည် ဘတ်စ်ကား သွားရာ ခရီး တစ်လျှောက်လုံး ဒရိုင်ဘာကို ပေါက်ကရမေးခွန်းတွေ မေးလိုက်၊ မြည်တွန်တောက်တီးလိုက်နှင့် ဒုက္ခမျိုးစုံ ပေးနေ သည်။ နောက်ဆုံး ဒရိုင်ဘာမှာ မတတ်နိုင်တော့ပဲ . . .



"ခင်ဗျား၊ အပေါ်ထပ် တက်စီးပါလား။ ဒါမှ ရှုခင်းကောင်းကောင်း မြင်ရမှာပေါ့"

ထိုအခါ အမူးသမားသည် ယိုင်နဲ့ ယိုင်နဲ့နှင့် အပေါ်ထပ်ကို တက်သွားသည်။ ခဏကြာသောအခါ ပြန်ဆင်းလာသည်။

ထိုအခါ ဒရိုင်ဘာက . . .

"ဘာဖြစ်လို့လဲဗျ။ အပေါ်ထပ်မှာ စီးရတာ သဘောမကျဘူးလား"

အမူးသမားက. . .

"မဟုတ်ပါဘူး၊ အပေါ်ထပ်က စိတ်မချရလို့ပါ။ ဒရိုင်ဘာ မရှိဘူးလေ"



**၅၉။ ပထမဆုံး အလုပ်**

အရက်ကြောင့် ဒုက္ခရောက်နေသူ တစ်ယောက်သည် လန်ဒန်မြို့ရှိ ကြွေထည်နှင့် ဖန်ထည်ပစ္စည်းရောင်းသည့် စတိုးဆိုင်ကြီးတွင် အလုပ်ရသည်။ သူ အလုပ်စဝင်ပြီး တစ်နာရီ မပြည့်ခင်မှာဘဲ အဖိုးတန်သည့် ကြွေပန်းအိုး တစ်လုံး သူ့ကြောင့် ကျကွဲသွား၏။ ထိုအခါ ဆိုင်မန်နေဂျာ က သူ့ကို . . .

"ဒီပန်းအိုးက ပေါင်ငါးရာတန်တယ်။ ဒီတော့ မောင်ရင့်ရဲ့ လစာငွေထဲက တစ်ပတ်ကို ငါးပေါင် ဖြတ် မယ်"

ထိုအခါ အလုပ်သမား အသစ်စက်စက်လေးက ဝမ်းသာစွာဖြင့် . . .

"ကောင်းပါ့ဗျာ။ ဒီလိုဆို ကျွန်တော့် မိန်းမလည်း ကျေနပ်သွားမယ်။ ဒီအလုပ်ဟာ နှစ်ပေါင်းများစွာ အတွင်း မှာ ပထမဆုံး ရေရှည် လုပ်ရတဲ့အလုပ် ဖြစ်သွားပြီ"





**၆၀။ အာရပ် ပုံပြင်**


တစ်ခါက အာရပ်ပုံပြင်တစ်ပုဒ် ရှိလေသည်။ ထိုပုံပြင်ထဲ၌ မကောင်းဆိုးဝါးတစ်ကောင်သည် လူတစ်ယောက်ရှေ့မှာ ပေါ်လာပြီး "သင် သေရတော့မယ်။ မသေချင်ရင် ဒီနည်း သုံးခုထဲက တစ်ခုကို ရွေးနိုင်တယ်။ (၁) သင့်အိမ်စေကို သတ်၊ (၂) သင့်ဇနီးကို ရိုက်၊ (၃) ဟောဒီ ဝိုင်အရက်ကို သောက်" ဟု ဆိုလေသည်။

ထိုလူက မကောင်းဆိုးဝါးကို . . .

"ကျွန်တော့်ရဲ့ သစ္စာရှိတဲ့ အိမ်စေကို မသတ်နိုင် ဘူး။ ကျွန်တော့် ဇနီးကို ကျွန်တော်က သိပ်ချစ်တော့ သူ့ကိုလည်း မရိုက်နိုင်ဘူး။ဝိုင်အရက်ကိုပဲ သောက်ပါ့မယ်"

ဟု ဆိုကာ ဝိုင်အရက်ကိုပဲ သောက်လေသည်။

ဝိုင်အရက်ကို သောက်ပြီးသောအခါ ထိုလူသည် မူးယစ်လာပြီး သူ့ဇနီးကို ရိုက်နှက်လေသည်။ အိမ်စေက သူ့ကို ဝင်ဆွဲသောအခါ၊ အိမ်စေကို သတ်ပစ်လိုက် လေ၏။



## ၆၁။ နောက်ကျသွားပြီ


စကော့လူမျိုးနှစ်ယောက်သည် အရက်ကို နှစ်ပေါင်းများစွာ သောက်လာခဲ့ပြီ ဖြစ်သောကြောင့် အရက်ဖြတ်ရန် နှစ်ဦး သဘောတူ ဆုံးဖြတ်ချက် ချလိုက်ကြလေသည်။ သို့သော် ဖျားနာလျှင် သုံးရန်အတွက် ဝီစကီတစ်လုံးကို မီးဖိုချောင် ထဲမှာ နှစ်ဦးသဘောတူ သိမ်းထားကြ၏။ သုံးပတ် ကြာပြီးသောအခါ သူတို့နှစ်ယောက်ထဲမှ တစ်ယောက်သည်၊ အားနည်းပြီး အပြင်းဖျားလေသည်။ ဖျားနေသူက သူ့ သူငယ်ချင်းကို . . .

"ဘီလီ ရေ ငါတော့ မရတော့ဘူး ထင်တယ်။ အခု ငါ အရမ်း ဖျားနေပြီ"

ထိုအခါ သူငယ်ချင်းက . . .

"မင်း သိပ်နောက်ကျသွားပြီ မိုက်ကယ်။ မနေ့က တစ်နေ့လုံး ငါ အသည်းအသန် ဖျားပြီးသွားပြီ"






## ၆၂။ မင်း သိပ်မှုးနေပြီ

အုပ်စုလိုက် အောင်ပွဲရရှိသွားသော အသင်းတစ်သင်းသည် သူတို့၏ အောင်ပွဲကို အရက်ဆိုင်မှာ မြိုင်မြိုင်ဆိုင်ဆိုင် သောက်စားကာ အောင်ပွဲခံကြ၏။ ဆိုင်ထဲမှာ တစ်ယောက် ကို တစ်ယောက်စကြ၊ ပစ္စည်းတွေ ပေါက်ခွဲကြနှင့် သီချင်း တွေကို အသံကုန် ဟစ်ဆိုကြလေသည်။ ထုံးစံအတိုင်း အချိန်တန်လာ သောအခါ တစ်ယောက်ပြီးတစ်ယောက် ပြန်သွားလေတော့ သည်။ နောက်ဆုံး ဆိုင်ပိတ်ချိန်တွင် ထိုအုပ်စုထဲမှ ခြောက် ယောက်သာ ဆိုင်ထဲမှာ သီချင်းဆိုရင်း ကျန်နေခဲ့ သည်။ သူတို့ ခြောက်ယောက် အိမ်ပြန်ကြဖို့ ကားရှိရာသို့ လျှောက်လာ ခဲ့ကြသည်။ သူတို့အထဲမှ အသင်း ကပ္ပတိန်က . . .

"ဟေ့ကောင် ဂျင်မီ၊ ငါတို့ခြောက်ယောက်ထဲမှာ မင်းက အမူးဆုံးဆိုတော့ မင်းဏ ကားမောင်း၊ မင်းက သီချင်း ဆိုနိုင်မှာ မဟုတ်တော့ဘူး"



### ၆၃။ အိမ်ပြန်ချင်လှပြီ

ညတစ်ည သန်းခေါင်ကျော်အချိန်တွင် ဆင်ခြေဖုံးက အိမ်တစ်အိမ်မှာ တံခါးခေါက်သံတစ်သံ ပေါ်လာ၏။ ထိုအသံကြောင့် အိမ်ရှင်အဒေါ်ကြီးက အိပ်ခန်းပြတင်းကို ဖွင့်ပြီး အောက်ကို လှမ်းကြည့်လိုက်ရာ၊ သူ့အိမ်တံခါးဝမှာ လူခြောက်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ ထို အခါ အဒေါ်ကြီးက

"ဟော့ . . . မင်းတို့ ဘာလိုချင်လို့လဲ"

"အဒေါ်က မစ္စဝီလျမ်စ်ပါလား ခင်ဗျား" ဟု တစ်ယောက်က ပြန်အော်မေးသည်။

"အေး ဟုတ်တယ်"

"ဒါဆို အောက်ဆင်းပြီး မစ္စတာဝီလျမ်စ်ကို လာတွဲခေါ်လိုက်ပါဦး . . .။ ကျွန်တော်တို့ အားလုံး အိမ်ပြန်ချင်လှပြီ"






### ၆၄။ နှစ်သစ်မင်္ဂလာ


အမူးသမားတစ်ယောက်သည် ဘားဆိုင်ထဲသို့ ဝင်လာကာ "အားလုံးပဲ . . . နှစ်သစ်မင်္ဂလာပါ" ဟု အော်ဟစ် နှုတ်ဆက်လိုက်လေသည်။

ထိုအခါ ဘားစာရေးက -

"ဟေ့လူ ခင်ဗျား ဘာတွေ လာပြောနေတာလဲ . . .။ ဒီနေ့က ဧပြီလ (၁) ရက်နေ့ဗျ"

ထိုအခါ အမူးသမားသည် ဝမ်းနည်းစွာဖြင့်

"အို ဘုရားသခင် . . . အိမ်ပြန်ရင်တော့ ကျုပ်မိန်းမ ကျုပ်ကို သတ်တော့မှာပဲ။ ကျုပ် အိမ် ပြန်မရောက်တာ သုံးလရှိပြီပေါ့ . . ."



## ၆၅။ လူနာစောင့်

အရက်မူးပြီး အိမ်ပြန်နောက်ကျနေသည့် ယောက်ျား၏ ဒဏ်ကို ခံနေရသော ဇနီးသည် မနက် (၃) နာရီမှ အိမ်ပြန်ရောက်လာသည့် ယောက်ျားကို ရန်တွေ့ဖို့ ပြင်လိုက် သည်။ ထိုအခါ ယောက်ျားက -


"နေဦး၊ မင်းဘာမှ မပြောခင် ငါပြောပြမယ်။ ငါ အရမ်းနေမကောင်းတဲ့ သူငယ်ချင်းကို လူနာစောင့် လုပ်ပေးနေရတာကိုတော့ မင်း သိထားစေချင်တယ်"

"ဓာတ်ပြားဟောင်းကြီးပါပဲ . . . ။ ရှင့် သူငယ်ချင်း နာမည်က ဘယ်သူလဲ"

ထိုအခါ ယောက်ျားဖြစ်သူသည် ပြဿနာကို အလေးအနက် စဉ်းစားကာ အဖြေထုတ်သည်။ နောက်ဆုံး မှ စိတ်မကောင်းသည့် ဟန်ဖြင့် -

"သူက သိပ်အပြင်းဖျားနေတော့ကွာ . . . သူ့နာမည် သူတောင် မပြောနိုင်ရှာပါဘူး"






## ၆၆။ ဝင်ခွင့်လေးတော့ ပေးပါ

လူတစ်ယောက်သည် အရက်ဆိုင်မှာ တစ်နေကုန် မူးအောင်သောက်ပြီး ညနက်မှ ဒယီးဒယိုင်ဖြင့် အိမ်ပြန်ရောက် လာသည်။ သူသည် အပေါ်ထပ်ကို ယိုင်နဲ့နဲ့ဖြင့် တက်သွား ပြီး ကိုယ်လက်သန့်စင်ဖို့ ရေချိုးသည့် ရေပန်းခလုတ်ကို မတော်တဆ ဖွင့်မိသွားသည်။ သူ ရေပန်းထဲမှာ ရပ်နေစဉ် မှာပဲ သူ့မိန်းမသည် ဆူညံသံများကြောင့် ဒီယောက်ျားကိုတော့ ကောင်းကောင်းသင်ခန်းစာပေးမှ ဖြစ်တော့မည်ဟုဆိုကာ မောင်းတင်ပြီး အပေါ်ထပ်ကိုတက်လာသည်။ အပေါ်ထပ်ကို ရောက်သောအခါ ယောက်ျားကို မိုးမွှန် နေအောင် ဆဲလေတော့သည်။ ထိုအခါ ယောက်ျားက ရေပန်း အောက်မှ နေ၍ -

"မင်းပြောနေတာတွေ အားလုံးမှန်ပါတယ် မိန်းမရယ်။ ဒါပေမဲ့ ငါ့ကို တံခါးဖွင့်ပြီး အိမ်ထဲဝင်ခွင့်လေးတော့ ပေးပါ။ အပြင်မှာ မိုးတွေ အရမ်းသည်းနေတယ်ကွာ"



### ၆၇။ သူ့အခြေအနေ အရမ်းဆိုးနေပြီ

လူနှစ်ယောက်သည် အရက်အလွန်အကျွံမူးပြီး သူတို့ တည်းခိုရာ ဟိုတယ်သို့ ပြန်လာခဲ့ကြလေသည်။ သူတို့ နှစ်ယောက်ထဲက တစ်ယောက်မှာ အလွန်အခြေအနေ ဆိုးနေပုံရ၍ ကျန်တစ်ယောက်က ဧည့်ကြိုတစ်ယောက်အား ဆရာဝန် ခေါ်ခိုင်းလိုက်၏။ ဆရာဝန် ရောက်လာပြီး အခြေအနေ ဆိုးနေသည်ဟု ဆိုသည့် အမူးသမားကို စစ်ဆေးရာ -

"ခင်ဗျား ဒီအခန်းထဲမှာ ပန်းနုရောင်ဆင်တွေ တွေ့လား"

"မတွေ့ဘူး"



"ဒါဆို အစိမ်းရောင် လိပ်ပုလေးတွေရော တွေ့ လား"

" တင့်အင်း"

"ဒါဆို ခင်ဗျား ဘာမှ မဖြစ်ပါဘူး။ ကောင်းကောင်းသာ အိပ်ပြီး အနားယူ။ မနက်ခင်းကျရင် နေကောင်းသွားမယ်"

ဆရာဝန် ဆင်းသွားသောအခါ ကျန်တစ်ယောက် က ဧည့်ကြိုနှင့် သွားစကားပြောသည်။

"ကျွန်တော့် အထင်ကတော့ ကျွန်တော့် သူငယ်ချင်းဟာ တော်တော်အခြေအနေ ဆိုးနေပြီ။ ဆရာဝန် သူ့ကို ပန်းနုရောင်ဆင်တွေ၊ အစိမ်းရောင်လိပ်ပု လေးတွေ တွေ့လားလို့ မေးတော့ သူက မတွေ့ဘူးတဲ့ဗျာ။ ခင်ဗျားလည်း သိမှာပါ။ အဲဒီတစ်ခန်းလုံး ဆရာဝန်ပြောတဲ့ ဟာတွေ အပြည့်ရှိနေတာ"



**၆၈။ စဉ်းစားချိန်တောင် မရဘူး**

အရက်အလွန်ကြိုက်သော မုဆိုးတစ်ယောက်သည် သူ့ မိတ်ဆွေ တစ်ယောက်ကို သူ အာဖရိကမှာ အမဲလိုက်ခဲ့စဉ် ကာလက အကြောင်းတွေ ပြောပြနေသည်။

"အဲဒီတုန်းကဗျာ ... ကျုပ်တို့ ရိက္ခာတွေ ပြတ်လုနီးပါး ဖြစ်သွားတာ။ ဝီစကီ၊ ဂျင်၊ ရမ်၊ ဗော့ဒ်ကာ ... အရက်တွေ အားလုံး ပြောင်ပဲ"

"ဒါပေမဲ့ ရေတော့ ကျန်မှာပါ"

"အား ... ဟုတ်တယ်ဗျ။ ဒါပေမဲ့ အဲဒီတုန်း က ရေချိုးဖို့ စဉ်းစားချိန်တောင် မရဘူးဗျ"





**၆၉။ အမေးအဖြေ**

အမေး - " အိုင်းရစ်လူမျိုးတွေ ဂျင်းနှစ်စတောက် အသောက် အနည်းဆုံးလက ဘာလလဲ"

အဖြေ - "ဖေဖော်ဝါရီလ"



**၇၀။ ညစာ မလုပ်နဲ့**

အမူးသမားတစ်ယောက်သည် ကော့တေး ဘားဆိုင်ထဲသို့ ကြောင် အရှင်တစ်ကောင် ယူလာပြီး ဘားစာရေးကို ပေးသည်။

"မော်င်ရင်ရဲ့ အလိုက်သိတတ်မှုနဲ့ ကျုပ်ဘဝရဲ့ အကောင်းဆုံး ညနေခင်းတွေကို စိုပြည်အောင် လုပ်ပေးမှုတို့အတွက် ကြောင်ကလေးကို မောင်ရင့်အတွက် လက်ဆောင် ပေးပါတယ်"

"ကျေးဇူးပဲဗျာ . . .။ လူကြီးမင်းဟာ စိတ်ကောင်း ရှိလှပါတယ်။ ကျွန်တော် အိမ်ပြန်ရင် ဒီကောင့်ကို ညစာ အတွက် ယူသွားမယ်"

"ဟော့ . . . မလုပ်နဲ့ . . . ညစာ မလုပ်နဲ့ . . . သူ့ကို ကျုပ် ညစာ ကျွေးပြီးပြီ။ ရုပ်ရှင်ပဲ လိုက်ပြလိုက်"






**၇၁။ ကယ်ကြပါဦး**

အနောက်ပိုင်း ကလပ်မှာ သောက်စားပြီး ပြန်လာကြသော လူကြီးလူကောင်း တစ်ယောက်သည် လမ်းလျှောက်၍ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ မရောက်ခင် လမ်းတစ်ဝက် ရောက်သောအခါ သူသည် သစ်ပင်ကို ဝိုင်းပတ်ကာထားသည့် သံတန်းနှင့် ဝင်တိုက်မိသည်။ ပတ်လည်ကာထားသည့် သံတိုင်တွေကို ကိုင်ပြီး သစ်ပင်ကိုပတ်နေရာ သုံးကြိမ် မြောက်သောအခါ သံတိုင်ကိုကိုင်ပြီး ကြောက်လန့်တကြားနှင့် အော်လေတော့သည်။


"ကယ်တော်မူကြပါဦးဗျို့ . . . ။ ကျွန်တော် ချောင်ပိတ်မိနေပြီ။ ကယ်တော်မူကြပါဗျို့"



**၇၂။ လက်ဆောင်ကောင်း**

ကျွန်တော့်သူငယ်ချင်းက အိပ်ပျော်နေချိန်မှာ အရက်မသောက်စေသည့် ကက်ဆက်ခွေတစ်ခွေကို ဝယ်ပေးသည်။ သူလည်း ထိုကက်ဆက်ခွေ ဝယ်ပြီးချိန် ကတည်းက အရက်မသောက်တော့။ (အိပ်ပျော်နေချိန်များသာလျှင်)





**၇၃။ မှားပြီ**

လူနှစ်ယောက်သည် အိုင်ယာလန်ကို အားလပ်ရက် အပန်းဖြေ ခရီးသွားရာမှ ပြန်လာကြသည်။ ဂျင်းနစ် စတောက်၏ အရသာကို သူတို့ ယခင်က မမြည်းစမ်းဖူး၍ ခပ်များများ သောက်ခဲ့ကြရာ တရိပ်ရိပ်တက်လာသော အမူးရှိန်နှင့် လူသူမရှိသည့် လမ်းအတိုင်း နှစ်ယောက်သား ပြန်လာခဲ့ကြသည်။ လမ်းတွင်


အုတ်ဂူလိုလို၊ ဘာလိုလို တစ်စုံတစ်ရာကို သူတို့ တွေ့လိုက်ကြသည်။ ထိုအခါ တစ်ယောက်က . . .

"ငါတို့ သင်္ချိုင်းတစ်ခုထဲ ရောက်နေတာ ဖြစ်ရ မယ်။ ဟော့ကောင် ဒီအုတ်ဂူမှာ ဘာတွေ ရေးထားတာလဲ ကွ" ဟု ဆိုပြီး အုတ်ခုံကြီးကို အနီးကပ်ကြည့်ကာ ပြောသည်။

ထိုသူကပင် မီးခြစ်ဆံခြစ်၍ . . .

"ဘယ်သူပဲဖြစ်ဖြစ်ကွာ ဒီလူဟာ'လူ့ဘဝမှာ အကြာကြီး နေခဲ့ရတာပဲ။ ၉၈ တဲ့" ဟု ဆိုပြီး နောက်ထပ် မီးခြစ်ဆံကို ခြစ်ပြီး ကြည့်လိုက်ရာ "ဒီလူ့နာမည်က 'ဒဗ္ဗလင်မြို့မှ မိုင်'တဲ့"ဟု ဆိုလိုက်လေသည်။





## ၇၄။ အို ဘုရားသခင်

အမူးသမားတစ်ယောက်သည် ဘတ်စ်ကားပေါ် တက်လာပြီး အသက်ကြီးကြီး သင်းအုပ်ဆရာဘေးက ခုံအလွတ်မှာ ဝင်ထိုင်လိုက်၏။ အမူးသမားက . . .

"ခင်ဗျားကတော့ သိမှာ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားဟာ ငရဲပြည်ကို တည့်တည့်မတ်မတ်ကြီး သွားနေတာ သေချာတယ်" ဟု စိတ်မကောင်းလွန်းသည့် လေသံနှင့် ပြောလိုက်သည်။

ထိုအခါ သင်းအုပ်ဆရာသည် ထိုင်နေရာမှ ဝုန်းခနဲ ထကာ . . .

"အို ဘုရားသခင် . . .။ ဒီကားပေါ်က ဆင်းမှ ဖြစ်တော့မယ်။ ကျုပ် ဘတ်စ်ကား မှားစီးလာမိတာပဲ" ဟု ဆိုလိုက်လေသည်။



**၇၃။ ဘယ်သူ့လက်ချက်လဲ**

အရက်ဆိုင် မပိတ်ခင်လေးတွင် လူတစ်ယောက်သည် ဆိုင်ထဲသို့ အပြေးအလွှား ဝင်လာပြီး ဝီစကီငါးခွက် မှာကာ ဘာမှ မရောဘဲ တစ်ခါတည်း မော့သောက်လိုက်လေသည်။ ထို့နောက် ဆိုင်ထဲမှ ပြေးထွက်ကာ လေထဲသို့ လွှားခနဲ ခုန်လိုက်ရာ လမ်းမပေါ် မှောက်လျက် ကျလေသည်။ ပြန်ထဖို့ ကြိုးစားရင်း သူ ညည်း တွားလိုက်သည်မှာ . . .

"တောက် ဘယ်ကောင် ငါ့ခွေးကို ရွှေ့သွားလဲ မသိဘူး" ဟုသတည်း။





**၇၄။ ယဉ်ကျေးသူ**

လူတစ်ယောက်သည် ဘုံဆိုင်တစ်ဆိုင်ထဲသို့ ရောက်သွားသောအခါ ဘားစာရေးက . . .

"လူကြီးမင်း ဘာသုံးဆောင်ပါမလဲ ခင်ဗျာ" ဟု ယဉ်ကျေးစွာ မေးလေသည်။

ထိုအခါ ဝင်လာသူက . . .

"ကျေးဇူးပဲဗျာ။စကော့ဝီစကီတစ်ခွက် သောက် မယ်။ မီးခြစ်ဆံ တစ်ဘူးလောက် ပေးပါဦး" ဟု ဆိုကာ ငါးပြားစေ့ကို

ကောင်တာပေါ် တင်ပေးပြီး ဝီစကီကို သောက်သည်။

"ဒီ ငါးပြားစေ့က ဘာအတွက်လဲ" ဟု ဘားစာရေးက မေးသည်။

"မီးခြစ်ဆံ ဘူးဖိုးလေ။ အမှန် ပြောရရင်တော့ ကျွန်တော်က အရက်သောက်ချင်တာ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားက ကျွန်တော်ကြိုက်တဲ့ဟာကို ယဉ်ယဉ်ကျေးကျေး မေးလိုက်လို့ပါ"

"ဒီမှာကြည့် ဟေ့လူ၊ ကျွန်တော် ခင်ဗျားကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေတာနော်"

အရက်သောက်သူကလည်း ခပ်တည်တည်နှင့်-

"ကျွန်တော် အရက်ဖိုး မပေးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်" ဟု ဆိုကာ ဆိုင်ထဲမှ ထွက်သွားသည်။

နှစ်ပတ်ကြာပြီးနောက် ထိုလူ ဆိုင်ထဲ ပြန်ဝင်လာသောအခါ ဘားစာရေးက . . .

"ဟေ့လူ သွား၊ ထွက်သွား ။ ကျုပ် ခင်ဗျားမျက်နှာ နောက်ထပ် မမြင်ချင်ဘူးလို့ ပြောပြီးပြီလေ"

"ခင်ဗျား တစ်ယောက်ယောက်နဲ့ လူမှားတာ ဖြစ်ပါလိမ့်မယ်။ ကျုပ် လေးလကြာ ခရီးထွက်ပြီး အခုမှ ပြန်ရောက်လာတာဗျ"

ဘားစာရေးက ထိုလူကို အနီးကပ်ကြည့်ပြီး . . .

"ကျုပ် နားမလည်နိုင်တော့ဘူး။ ခင်ဗျား စကော့ဝီစကီ သောက်မှာ မဟုတ်လား"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ။ ကျေးဇူးပြုပြီး မီးခြစ်ဆံ တစ်ဘူးလောက် ပေးပါဦး"





**၇၇။ ကျွမ်းကျင်သူ**

ကျွန်တော့် အသိတစ်ယောက်သည် ဝိုင်နှင့် ပတ်သက်လျှင် အလွန် ကျွမ်းကျင်သူ ဖြစ်သည်။ ဝိုင်တစ်ခွက် သောက်ရုံမျှနှင့်ပင် ထို ဝိုင်၏ သက်တမ်း၊ အရည်အသွေးနှင့် အမျိုး အစားကိုပါ မှန်ကန်တိကျစွာ ပြောနိုင်သည်။ ထို့မျှသာမက ဝိုင်ချက်သည့် စပျစ်သီးတွေပေါ်ကို ဘယ်သူ တက်နင်းသည်ကအစ ပြောနိုင်လေသည်။



**၄၈။ သူ့အဆို**

ဆရာဝန်တွေက အရက်သောက်လျှင် အသက်တိုသည်ဟု ကျွန်ုပ်တို့ကို အမြဲပြောသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆရာဝန်အိုများထက် အရက်သမား အဘိုးကြီးတွေကို ပို၍ မြင်တွေ့နေရခြင်း ဖြစ်ပါသည်။





**၄၉။ ဒါများ**

ဇနီး - "မိုးလင်းမှ ပြန်လာတာက ဘာသဘောလဲရှင့်။ နောက်ပြီး ရှင့်ဆီက ဝီစကီနံ့ရတယ်"

ခင်ပွန်း - "ဒါများ မိန်းမရယ်၊ ငါသောက်သလို မင်း သောက်မယ် ဆိုရင်၊ မင်းလည်း ငါ့လိုပဲ အနံ့ထွက်မှာပါ"



**၈၈။ မပူပါနဲ့**

လူတစ်ယောက်သည် ဘားဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားကာ သူ့အသိ ဘားစာရေးကို စကားသွားပြောသည်။

"မစ် . . . ငါ့ ယောက္ခမကြီး ဆုံးသွားလို့ကွာ. . ။ လွမ်းသူ့ပန်းခွေ လုပ်ဖို့ ပိုက်ဆံ လိုနေလို့ ငါ့ကို ၂၅ ပေါင် လောက် ချေးပါဦး"

"ငါတို့က အခုမှ ဆိုင်ဖွင့်တာဟ။ နေဦး၊ ငါ့မှာ ရှိသေးလား ရှာကြည့်လိုက်ဦးမယ်" ဟု ဘားစာရေးက ပြောပြီး သူ့ ပိုက်ဆံအိတ် ထုတ်ကြည့်ရာ ၂၁ ပေါင်သာ ရှိသည်။

"၂၁ ပေါင်ရှိလည်း ရပါတယ်ကွာ၊ ကျန်တဲ့ ၄ ပေါင်ဖိုး ငါ အရက်သောက်သွားလိုက်မယ်လေ"






**၈၉။ သေရေး ရှင်ရေး**

အမူးသမား (၁) - "မင်း သိလား၊ ငါ့ကို မွေးတုန်းကလေ တစ်ပေါင်နဲ့ လေးအောင်စပဲ ရှိတယ်"

အမူးသမား (၂) - "ဟ . . . ။ ကြားသားမိုးကြိုး မင်း အသက်မှ ရှင်ရဲ့လား"

အမူးသမား (၁) - "ရှင် မရှင်တော့ မသိဘူး။ မင်း အခု ငါ့ကိုပဲ ကြည့်လေ"



**၇၂။ ကျင့်စဉ်**

"ဟေ့ နင့်ယောက်ျား ယောဂကျင့်နေတယ်လို့ သတင်းကြားပါတယ်။ အဲဒီ ကျင့်စဉ်က သူ အရက်သောက်တဲ့ ဒုက္ခကိုရော အထောက်အကူ ပြုရဲ့လား"

"ပြုတယ်လို့ ပြောရမှာပဲ ရှင်။ အခုဆို ခေါင်းနဲ့ မတ်တတ်ရပ်ရင်း အရက်သောက်နိုင်နေပြီလေ"






**၇၃။ မှတ်မိမှာ မဟုတ်ဘူး**


စကော့လူမျိုး အဘိုးအိုတစ်ယောက်သည် အသည်းအသန် ဖြစ်နေ၏။ သူ မသေခင် အချစ်ဆုံး သူငယ်ချင်းများနှင့် အရက်အတူ သောက်သွားချင်သည်ဟု ဆို၍ သူငယ်ချင်း များကို ခေါ်ကာ အရက်သောက်ကြလေသည်။ အဘိုးအိုသည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် မနားတမ်း သောက် သည်။ နောက်ဆုံးမှ သူ ဝပြီဟု ဆိုသည်။

အဘိုးအိုက . . .

"ငါ ကောင်းကင်ဘုံကို ဝီစကီနံ့ သင်းသင်းလေးနဲ့ သွားချင်တာကွ" ဟု ပြောသည်။

သူ့သူငယ်ချင်းတွေထဲမှ တစ်ယောက်က . . .

"အား . . . သောက်လိုက်စမ်းပါကွာ။ မင်းမှာ ဝီစကီနံ့ မသင်းဘူးဆိုရင် ကောင်းကင်ဘုံကလည်း မင်းကို မှတ်မိမှာ မဟုတ်ဘူး"




**၇၄။ မငတ်တဆ**

"ဟော့ မင်းလက်က ပတ်တီးကြီးနဲ့ ဘာဖြစ်တာလဲ"

"မနေ့ညက အရက်ဆိုင်မှာ အမှတ်မထင် ဖြစ်သွားတာပါကွာ။ လူနှစ်ယောက် အမူးလွန်ပြီး ထ ရန်ဖြစ်ကြတာလေ။ ရန်ဖြစ်ရင်းနဲ့ သူတို့ထဲက တစ်ယောက်က ငါ့လက်ကို မတော်တဆ တက်နင်းမိတာလေ"






**၇၅။ ပြန်လာမှ**

မင်္ဂလာပွဲအတွက် ကျေနပ်စရာ ကောင်းလောက်အောင် ပြည့်စုံနေပြီဖြစ်သည်။ တစ်ခုပဲ ရှိ၏။ သတို့သားမှာ လူမှန်းသူမှန်း မသိအောင် မူးနေလေသည်။ ထိုအခါ သင်းအုပ်ဆရာက သတို့သမီးအား . . .

"သူ အမူးပြေပြီး ပြန်လာမှ မင်္ဂလာပွဲ ကျင်းပရရင် မကောင်းဘူးလားကွယ်"

ထိုအခါ သတို့သမီးက . . .

"ပြဿနာ တစ်ခုပဲ ရှိတယ်ရှင့်။ သူက အမူးပြေ ရင် ပြန်လာတတ်တဲ့အကျင့် လုံးဝ မရှိခဲ့ဖူးဘူး"



**၇၆။ တက္ကစီပဲ စီးတော့မယ်**

လန်ဒန်မြို့၏ ညတစ်ညတွင် အမူးသမားတစ်ယောက် လမ်းလျှောက်လာရာ လမ်းလယ်ကောင်တွင် အလုပ်သမားများ တွင်းကြီးတစ်တွင်း တူးနေတာသည် မြင်လိုက်ရ၏။

အမူးသမားက . . .

"ဘာလုပ်နေကြတာလဲဗျ"

"မြေအောက် ပိုက်လိုင်း တိုးချဲ့ရေးအတွက် လုပ်နေတာပါ" ဟု ဗိုမင်ဖြစ်သူက ပြန်ဖြေသည်။

"မြေအောက်လိုင်း ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်တော့ ပြီးမှာလဲ"

"အင်း တစ်နှစ်ကျော် ကြာမယ်"

"ဟာ အဲဒါမှ ပြဿနာပဲ။ ကျုပ် တက္ကစီပဲ စီးရတော့မှာပေါ့ဗျာ"






**၇၇။ မင်းတို့ရော**

လူတစ်ယောက်သည် သူငယ်ချင်းနှစ်ယောက်နှင့် ဘားဆိုင်တစ်ဆိုင်ထဲ ဝင်လာကာ ဘားစာရေးကို . . .

"ဟေ့ ဝီစကီသုံးပက်၊ စကော့ချ် အမြင်းသုံးခွက်၊ ဘရန်ဒီ ခွက်ကြီးသုံးခွက်ပေး"ဟု မှာလိုက်ပြီးမှ သူငယ်ချင်းနှစ်ယောက်ဘက် လှည့်ကာ "ကဲ မင်းတို့ ဘာမှာကြမှာလဲ" ဟု ဆိုလိုက်လေသည်။



**၈၈။ သူ့အလုံည် ကိုယ့်အလှည်**

လူတစ်ယောက် ညအချိန်၌ လမ်းမပေါ်တွင် လမ်းလျှောက်နေရာ အရက်သမားတစ်ယောက်နှင့် တွေ့၏။ အရက်သမားက သူ့ကို ရပ်ခိုင်း၍ သေနတ်နှင့်ချိန်ကာ အိတ်ကပ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်လိုက်သည်။

ထို့နောက် သူ့ကို သေနတ်နှင့် ချိန်ထားပြီး အရက်သမားက အရက်ပုလင်းကို လှမ်းပေးလိုက်သည်။

"ဒီအရက်ကို သောက်လိုက်စမ်း"

ကံဆိုးသူခမျာ အရက်သမားပေးသော အရက်ကို သောက်လိုက်ရာ မမျိုချမိခင်မှာဘဲ ပြန်ထွေးထုတ်ပစ်၏။

"ဒီအရက် အရသာကလည်း ဆိုးလိုက်တာဗျာ"

ထိုအခါ အရက်သမားက . . .

"ကျုပ်သိတယ်၊ ကျုပ်သိတယ်။ ကဲ . . . အခုခင်ဗျားက ကျုပ်ကို သေနတ်နဲ့ချိန်ပြီး ဒီအရက်ကို သောက်ခိုင်း၊ ရော့ သေနတ်"






**၈၉။ လမ်း သိသွားပြီ**

အိုင်းရစ်လူမျိုးတစ်ယောက်သည် မိတ်ဆွေများ ပြုလုပ်သည့် ညစာစားပွဲသို့သွား၏။ ညစာစားပွဲတွင် စားသောက်ပြီး အိမ်ပြန်ဖို့ပြင်တော့ အချိန် အတော်လင့်နေလေပြီ။ သူ့ မိတ်ဆွေများက သူ အရက်မူးပြီး မျက်စေ့လည် လမ်းမှား နေမှာစိုး၍ သူ့ကို လက်နှိပ်ဓာတ်မီး ပေးလိုက်သည်။ တစ်နာရီခန့် ကြာပြီးသောအခါ ညစာစားပွဲလုပ်သည့် အိမ်တွင် တံခါးခေါက်သံတွေ ပြည်လာသည်။ အိမ်ရှင်က တံခါးဖွင့်ကြည့်လိုက်ရာ တံခါးခေါက်သူက ပြော၏။

"ဟော့ ငါပြန်ရမဲ့လမ်းကို ငါ အစအဆုံး လျှောက်ကြည့်ပြီးသွားပြီ။ ငါ မှတ်မိတယ်။ ရော့ အခု မင်းလက်နှိပ်ဓာတ်မီး ပြန်လာပေးတာ"



## ၉၀။ စိတ်ချရပြီ

နေ့လယ်စာ စားပွဲတစ်ခုမှ မိန်းမနှစ်ယောက် စကားပြောနေကြသည်။

"ဟော့ ငါလေ ငါ့ယောက်ျားအတွက် စိတ်အေးသွားပြီ"

"ဘာဖြစ်လို့လဲ သူငယ်ချင်းရဲ့"

"ဪ. . . အရင်ကဆို သူအရက်မူးပြီး အိမ်ပြန်လာရင်၊ မြစ်ထဲကျပြီး ရေနစ်သေမလား၊ ဘာဖြစ်မလားနဲ့ ငါ အမြဲ စိတ်ပူနေရတယ်လေ။ ဒါပေမဲ့ ခုတော့ လုံးဝစိတ်ချ သွားပြီ။ သူ့ကို ရဲတစ်ယောက်က အမြဲ အိမ်ပြန်ပို့တယ်လေ"





## ၉၁။ မှားသွားလို့

တစ်ညသ၌ ရဲစခန်းကို ဖုန်းလာ၏။ ဖုန်းဆက်သူ၏ အသံကို နားထောင်ရုံမျှနှင့် ထိုလူမှာ အလွန်မူးနေပြီဖြစ်ကြောင်း ရဲအရာရှိ သဘောပေါက်သည်။ ဖုန်းဆက်သူက . . .


"ဆရာ ကျွန်တော့်ဆီ ချက်ချင်းလာပါ။ ကျွန်တော့်ကား ရှေ့ပိုင်းတစ်ခုလုံး သူခိုး ခိုးသွားပြီ။ ဒက်ရှ်ဘုတ်လည်း မရှိတော့ဘူး။ လက်ကိုင်ဘီးလည်း မရှိတော့ဘူး။ ဂီယာတံ၊

ဘရိတ်၊ လီဗာ၊ ကလပ် . . . ဘာမှ မရှိတော့ဘူး"

ရဲအရာရှိက အခုချက်ချင်း ရဲတစ်ယောက်ကို လွှတ်လိုက်မည် ဖြစ်ကြောင်း ထိုလူကို ပြန်ပြောကာ ဖုန်းချလိုက်သည်။ ဖုန်းချလျှင် ချပြီးချင်း ဖုန်းသံ ပြန်မြည်လာပြန်သည်။ ဖုန်းဆက်သူမှာ ယခင်ဖုန်းဆက်သူပင် ဖြစ်သည်။ ထိုသူကပင် . . .

"ဆရာ ကျွန်တော်ပါ။ ကျွန်တော့်ဆီကို မလာနဲ့ တော့ ရပြီ။ ကျွန်တော် ကားနောက်ခန်းထဲ မှားဝင်မိသွား တာပါ။ ဘာမှ မပျောက်ဘူး"





## ၉၂။ သိပ်ဟုတ်

အမူးသမားတစ်ယောက်သည် ဟိုယိုင် ဒီယိုင်နှင့် လျှောက်လာရာ ဝတ်ကောင်းစားလှတွေ ဝတ်ထားသည့် အမျိုးသမီးတစ်ယောက်ကို ဝင်တိုက်မိ၏။ အမူးသမားက သူ့ကိုယ်သူ ပြန်ထိန်းရင်း . . .

"ဒီမှာ မိန်းမကြီး။ ခင်ဗျားဟာလေ ကျုပ်မြင်ဖူးတဲ့၊ ဒီကမ္ဘာပေါ်က ကျုပ်မြင်ဖူးတဲ့ မိန်းမတွေထဲမှာ ရုပ်အဆိုးဆုံးပဲ"

ထိုအမျိုးသမီးကလည်း . . .

"ရှင်ကရော ဘာထူးလဲ။ ကျွန်မ မြင်ဖူးတဲ့ အရက်သမားတွေထဲမှာ အမူးဆုံး အရက်သမားပဲ"

"အား . . . ဟုတ်ပါ့။ ဒါပေမဲ့ မနက်မိုးလင်းရင် ကျုပ်က အမူးပြေပြီလေ"



## ၄၃။ ဒီလိုပဲ

အမြန်ရထားတစ်စင်း၏ တွဲတစ်တွဲတွင် လူတစ်ယောက် သည် ရှေးကြီးသုတ်ပျာနှင့် . . .

"ဘရန်ဒီ၊ ဘယ်သူ့ဆီမှာများ ရှိပါသလဲ ခင်ဗျာ။ နောက်တွဲတစ်တွဲမှာ မိန်းမတစ်ယောက် မူးမေ့သွားလို့ပါ"

ခရီးသည်ထဲမှ တစ်ယောက်က သူ့ဘရန်ဒီ အရက်ကို ခွက်တစ်ခွက်ထဲ ထည့်ပြီး ထိုလူကို ပေးလိုက်၏။ ထိုလူသည် ဘရန်ဒီ ထည့်ထားသည့်ခွက်ကို လှမ်းယူကာ အားရပါးရ မော့သောက်လိုက်ပြီးမှ . . .

"ကျေးဇူးပဲဗျာ . . . ကျုပ်က ဒီလိုပဲ။ မူးမေ့ သွားတဲ့ မိန်းမတွေ မြင်ရင် ကတုန်ကယင်ကြီး ဖြစ်လာလို့ . . . ခုမှပဲ စိတ်အေးတော့တယ်"






## ၄၄။ ဒါနဲ့


ဘားစာရေးသည် ဆိုင်ပိတ်ပြီးနောက် ဘားထဲ လှည့်ပတ် စစ်ဆေးရာ ခုံတစ်ခုံအောက်မှာ အဘိုးအိုတစ်ယောက် မှောက်နေသည်ကို တွေ့လိုက်ရသည်။ ဘားစာရေးသည် ထိုအဘိုးအို အိတ်ကပ်တွေထဲ လိုက်ရှာကြည့်ရာ လိပ်စာနှင့် နာမည်ကို တွေ့လိုက်ရသည်။ ဘားစာရေးသည် အဘိုးအိုကို သူ့ကားဆီ

သို့ ပွေ့ယူလာပြီး ကားနှင့်တင်ခေါ်သွား ကာ လိပ်စာအတိုင်း အဘိုးအိုကို အိမ်ရှေ့အထိ မောင်း၍ အဘိုးအိုကို ကားပေါ်မှ ပွေ့ယူပြီး အိမ်ရှေ့တံခါးမှာ မှီလျက် ချထားလိုက်သည်။ သို့ရာတွင် အဘိုးအိုသည် ထိုင်လျက် နေရာမှ လဲကျသွားပြန်သည်။

ထိုစဉ်မှာပင် အဘိုးအို၏ ဇနီးဖြစ်သူက တံခါး ဖွင့်ပြီး အပြင်ထွက်လာသည်။ ထို့နောက် သူ့ ယောက်ျားကို မြင်သွားပြီး ဘားစာရေးကို လှမ်းပြောသည်။

"အိုး ... မောင်ရင်က သူ့ကို အိမ်ပြန်ပို့ပေးတာလား။ ဒါနဲ့ ... သူ့ဘီးတပ်ကုလားထိုင်က ဘယ်မှာလဲကွယ်"





**၉၅။ ဘာကြောင့်လဲ**

တရားသူကြီး - "သင့်အနေနဲ့ ဒီလူဟာ ဘာကြောင့် အရက်မူးနေတယ်လို့ ဆိုနိုင်တာလဲ"

ရဲသား - "ဟုတ်ကဲ့ ၊ သူဟာ အိမ်တစ်အိမ်ရဲ့ တံခါးရှေ့ကို လျှောက်သွားပါတယ်။ ပြီးတော့ စာတိုက်ပုံးရဲ့ အပေါက်ကို အကြွေ ဆယ်ပြား ထည့်ပါတယ်။ ပြီးတော့ လေ့ကားထစ်ပေါ်က နို့ပုလင်းခွံ တစ်လုံး ကို ကောက်ပြီး သူ့ နားနားကပ်ကာ 'ဟယ်လို ... ဘာမှလည်း ပြန်မပြောဘူး' လို့ ပြောနေတာကို တွေ့ရပါတယ်၊ တရား သူကြီးမင်း ခင်ဗျား"



**၉၆။ ပဲ့တင်သံ**

တစ်ညနေလုံး မူးရူးနေသော အမူးသမားတစ်ယောက်သည် ဘားဆိုင် နောက်ခန်းထဲသို့ သွားကာ ခက်ခက်ခဲခဲနှင့်ပင် သူ ဆက်လိုသော ဖုန်းနံပါတ် ခလုတ်တွေကို နှိပ်ပြီး လိုင်းဝင် သွားသောအခါ "ဟယ်လို . . . ဟယ်လို" ဟု ပြောလိုက် သည်။

"ဟယ်လို . . . ဟယ်လို" ဟု တစ်ဖက်မှ ပြန်ဖြေသောအခါ အမူးသမားသည် ဒေါကန်စွာဖြင့် ဖုန်းကို ချလိုက်ပြီး -

"ဒီဖုန်းက ပဲ့တင်သံတွေပဲ ကြားရတယ်" ဟု ဆို လိုက်လေသည်။





**၉၇။ အတွင်းပြဿနာ**

အရက်ဘားတစ်ခုမှာ ထိုင်နေသော လူတစ်ယောက်သည် အတော့်ကို မူးနေပြီ ဖြစ်သည်။ သူသည် ထိုင်နေရင်းနှင့် သူ့ ဘေးမှာ ထိုင်နေသူအား -

"ခင်ဗျား ဘီယာတွေ ကျုပ် ဘောင်းဘီပေါ် ဖိတ်ကျ ကုန်တာလား" ဟု အမူးသမားကို မေးသည်။

"မဟုတ်ပါဘူး ခင်ဗျား . . ."

" ကျုပ် ထင်အရဆိုရင် အဲဒါ အတွင်းပြဿနာ တစ်ခုကြောင့်ပဲ ဖြစ်မယ်"



## ၉၈။ အပေါင်းအသင်း


ဆရာဝန်သည် အရက်စွဲနေသူတစ်ယောက်ကို ကုသ၍ ရနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ထိုသူကို မေးသည်။

"ခင်ဗျား . . . ဘာကြောင့် အရက်သမားကြီးလုံးလုံး ဖြစ်လာရတာလဲ"

ထိုလူနာက ပြန်ဖြေလိုက်သည်မှာ -

"ဆရာရယ်။ အဓိက ကတော့ အပေါင်းအသင်း မကောင်းလို့ပဲ ဖြစ်ရတာပါ။ ဆရာပဲ စဉ်းစားကြည့်လေ၊ ကျွန်တော့်မှာ သူငယ်ချင်းလေးယောက် ရှိတယ်။ ဝီစကီ သောက်ရင် တစ်လုံးလုံး ကုန်အောင် ကျွန်တော် တစ်ယောက်ပဲ သောက်ရတယ်။ ကျန်တဲ့ကောင်တွေက တစ်ယောက်မှ အရက်မသောက်ကြဘူးလေ"






## ၉၉။ မဆိုးပါဘူး

ကောက်သိမ်းချိန် ပြီးသောအခါ လယ်ပိုင်ရှင်သည် သူ့ လက်ထောက်တပည့်ကို ဖိတ်ပြီး ဘီယာတစ်ခွက် တိုက်သည်။ လယ်ပိုင်ရှင်သည် စေတနာသဒ္ဓါတရား လုံးဝ မရှိသူတစ်ယောက်အဖြစ် နာမည်ကြီးသူ တစ်ယောက်ဖြစ်သည်။ သူ့ လက်ထောက်က လယ်ရှင်ပေးသည့် ဘီယာ တစ်ခွက်သောက်


ပြီး ဘာမှ မပြောဘဲနေ၏။ ထိုအခါ လယ်ရှင်သည် ဘီယာ ကောင်း မကောင်း လက်ထောက် ဖြစ်သူကို မေးလေသည်။

လက်ထောက်က "မဆိုးပါဘူး" ဟု ပြန်ဖြေလေသည်။

" 'မဆိုးပါဘူး' ဆိုတဲ့ ဘာအဓိပ္ပာယ်လဲကွ" ဟု လယ်ရှင်က မေးပြန်သည်။

"ဟုတ်ကဲ့ . . . ဒီလိုရှိပါတယ် ဆရာ။ ဒီဘီယာ သိပ်ကောင်းနေရင် ဆရာက ကျွန်တော့်ကို တိုက်မှာ မဟုတ်ဘူး။ ဒီဘီယာက သိပ်ညံ့လွန်းနေရင်လည်း ကျွန်တော်က သောက်နိုင်မှာ မဟုတ်ဘူးလေ။ ဒါကြောင့် 'မဆိုးပါဘူး' လို့ ပြောတာပါ"





**၁၀၀။ ငါနဲ့ မဆိုင်ဘူး**

ဘတ်စ်ကားလက်မှတ် ဖြတ်ပိုင်းကို လက်မှတ်စစ်က တောင်း၍ အမူးသမားက သူ့လက်မှတ်ဖြတ်ပိုင်းကို ပေးလိုက်သည်။

လက်မှတ်စစ်က . . .

"ဒီလက်မှတ်က ရက်လွန်နေပြီ။ ဒီနေ့က စနေနေ့လေ။ နောင်ကြီး လက်မှတ်က သောကြာနေ့က လက်မှတ် ပဲ"

ထိုအခါ အမူးသမားက ဒေါသတကြီးဖြင့် ပြန်ပြောလိုက်၏။


"အဲဒါ ဘာဖြစ်လဲကွ။ ဒါ ငါ့အပြစ် မဟုတ်ဘူး။ မင်းတို့ ဘတ်စ်ကားက တစ်ရက်နောက်ကျပြီးမှ ရောက်လာ တာကိုး"



**၁၀၁။ ကိုစည်းကမ်း**


စကော့လူမျိုးတစ်ယောက်သည် ဘုံဆိုင်ထဲမှာ ငြိမ်သက်စွာ ထိုင်ရင်း အရက်ကို ဇိမ်ဖြင့် သောက်နေ၏။ ထိုစဉ် စားပွဲထိုးသယ်လာသော အရက်ခွက်တွေ ထည့်ထားသည့် ဗန်းသည် သူ့အပေါ် မှောက်ကျသွား၏။ အနှစ်သုံးဆယ်လုံးလုံး သူ့ကိုယ်ပေါ် အရက် ဖိတ်ကျသည်မှာ ဤတစ်ကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်လေသည်။





**၁၀၂။ ကျွန်ုပ်၏ အသိ**

ကျွန်ုပ်သည် ဘယ်တော့မှ ရေသောက်မည် မဟုတ်တော့ပါ။ ရေသည် အလွန်မာသော သံကိုပင် သံချေးတက်စေနိုင်သောကြောင့် ကျွန်ုပ်တို့ ခန္ဓာကိုယ်အတွင်းရှိ အလွန်နူးညံ့ သောကလီစာများ မည်သို့ရှိမည်ကို မိတ်ဆွေတို့ စဉ်းစား ကြလေကုန်။



**၁၀၃။ ဘယ်ဘက်မှ မဟုတ်ဘူး**

ယစ်ထုတ်တစ်ယောက်သည် ဆိုင်တကာလှည့်သောက် နေရာမှ ဝေလပြည်နယ်အစွန်မှာရှိသော ဘုံဆိုင်တစ်ဆိုင်သို့ ရောက်သွားလေသည်။ ထိုဘုံဆိုင်ထဲမှာ လူတွေ စည်စည်ကားကား ရှိနေသောအခါ သူက အော်ကြီးဟစ်ကျယ်နှင့် ပြောလိုက်၏။



"ဗျွန်မေဂျာရဲ့ မျက်မှာဟာ သိုးတစ်ကောင်ရဲ့ နောက်ပိုင်းနဲ့ တူတယ်ဗျို့"

ထိုအခါ ဆိုင်ထဲမှာ ရှိနေသူ နယ်ခံအရက်သမားများက သူ့ကို ဝိုင်းမကာ ဆိုင်အပြင်သို့ လွှင့်ပစ်လိုက်သည်။

ယစ်ထုတ်သူည် လမ်းပေါ်မှာ အနာတရနှင့် လှဲနေရင်း မေးလိုက်သည်။

"ဒီနယ်ဘက်က လူတွေက တိုရီကို ထောက်ခံ တဲ့ လူတွေလို့ မထင်မိပါဘူးဗျာ"

ထိုအခါ လမ်းသွားလမ်းလာတစ်ယောက်က -

"သူတို့က ဘယ်သူ့ကိုမှ မထောက်ခံဘူးဗျ။ သိုးကျောင်းသားတွေချည့်ပဲ"



### ၁၀၄။ မှုးလေသောအခါ

တစ်ညသ၌ ဘားဆိုင်တစ်ဆိုင်မှာ လူနှစ်ယောက် အရက်မူး ရင်း စကားပြောနေကြသည်။ တစ်ယောက်က -

"ဟေ့ . . . ဘရောင်း ပြောရဦးမယ်ကွ။ ရယ်တော့ ရယ်ရသား။ လူတိုင်းက ပြောနေကြတယ်။ မင်း မျက်နှာဟာ တံစို့အထိုးခံထားရတဲ့ ဂျုံးစ်ရဲ့ပုံနဲ့ တစ်ထေရာ တည်းပဲလို့ ပြောနေကြတယ် မဟုတ်လား။ မင်းပုံက ဂျုံးစ်နဲ့ နည်းနည်း လေးမှ မတူဘူးလို့ ငါ ထင်တာပဲ။ ဟုတ်တယ် မဟုတ်လား"


"မဟုတ်ပါဘူး။ ကျွန်တော်က ခင်ဗျားပြောတဲ့ လူ မဟုတ်ဘူး။ ဒါပေမဲ့ အမှန်ပြောရမယ်ဆိုရင် ဂျုံးစ်ဟာ ကျွန်တော်ကိုယ်တိုင်ပါပဲ"





### ၁၀၅။ ကြော်ငြာ


"ကျွန်တော်တို့ရဲ့ အထူးထုတ်လုပ်ထားတဲ့ ဂျပန်ဝီစကီ သောက်သုံးကြည့်မယ်ဆိုရင် . . . မနက်ခင်းမှာ အရက်နာ မကျဘဲ နိုးလာပါလိမ့်မယ်လို့ လုံးဝ အာမခံပါတယ်။ သောက် လျှင်သောက်ချင်း အရက်နာ ကျစေရပါမယ်"



**၁၀၆။ အချစ်ဆုံး**

ကျွန်ုပ်တို့ ဘဝ စသည် ဆိုကတည်းက
လှပသော မိန်းကလေးတစ်ယောက်၏ အံ့ဖွယ်အချစ်။
ယုံကြည်ရတဲ့၊ စစ်မှန်လှတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်။
မကြောက်မရွံ့တဲ့ ကလေးတစ်ယောက်ရဲ့ အချစ်တို့
အားလုံး ရှိနေပြီးသား ဖြစ်ပါသည်။
သို့သော် . . .
အကြီးမားဆုံးအချစ် (အချစ်တကာတို့၏ အချစ်ဆုံး)
မာတာမိခင်၏ အချစ်ထက်ပင် ပို၍ ကြီးမားလှသော အချစ်
သည်ကား
ထာဝရတည်တဲ့ နိုင်ငံမြဲနေပျိုနေသော အရက်သမား အချင်းချင်း
ချစ်သည့် အချစ်ပင်တည်း။






**၁၀၇။ သူ့အပြစ် မဟုတ်ပါ**

"ကျွန်တော့် သူငယ်ချင်းဟာ အရက်ကို အလွန်အကျွံ သောက်တယ်လို့ ကျွန်တော် မပြောရက်ပါဘူးဗျာ။ သူ့ ကျန်းမာရေး မကောင်းတာက သူဟာ လူတိုင်းရဲ့ အရက် ခွက်တွေကို လိုက်သောက်နေလို့ပါ"

# ပုလင်းထဲက
# ဟာသများ

ညီသစ်



**သက်သေပြစရာ**

အရာရှိ ။ ။ "ဒီလူ အရက်မူးနေတယ်လို့ မင်း ဘာကြောင့် ပြောနိုင်တာလဲ"

ရဲသား ။ ။ "ဆရာ ဒီလူက တက္ကစီဒရိုင်ဘာ တစ်ယောက်နဲ့ အကြီးအကျယ် စကားများနေလို့ပါ"

အရာရှိ ။ ။ "မင်းဟာက နိုင်လုံတဲ့ သက်သေပြချက်မှ မဟုတ်တာ"

ရဲသား ။ ။ "သိပ်နိုင်လုံတာပေါ့ ဆရာ၊ သူ့အနားမှာ တက္ကစီဒရိုင်ဘာဆိုလို့ တစ်ယောက်မှ မရှိဘူးလေ"



**မီးလင်းနေတယ်**

ရဲသားတစ်ယောက် ရောက်လာချိန်မှာတော့ အမူးသမားသည် လမ်းဘေးဓာတ်တိုင်ကို တံခါးသော့ဖြင့် အတင်းထိုးဖွင့်နေ၏။ ထိုရဲသားက အမူးသမားကို ရင်းရင်းနှီးနှီးလေသံဖြင့် ပြောလိုက်သည်။

"ဆရာသမား၊ ဒီအိမ်မှာ ဘယ်သူမှ မရှိဘူး ထင်တယ်နော်"

"ရှိကို ရှိရမှာပေါ့ ချရာတမားရယ်၊ အပေါ်ထပ်မှာ မီးတွေတောင် လင်းလို့" ဟု အရက်သမားက အာလေးလျှာလေးနဲ့ ပြန်ဖြေသည်။





**ရက်ရောသူ**

လူမှုဝန်ထမ်းတစ်ယောက်သည် အိမ်တစ်အိမ်ကို တံခါးခေါက်လိုက်ရာ ဒေါ်ရွှေသီဆိုသည့် အိမ်ရှင်မက တံခါးလာဖွင့်ပေး၏။

"ကောင်းသော ညနေခင်းပါ အန်တီ။ ကျွန်တော်အခု အလှူလာခံတာပါ။ အမူးသမားတွေအတွက် အိမ်တစ်လုံး ဆောက်ဖို့ပါ"

ထိုအခါ ဒေါ်ရွှေသီက ဝမ်းသာအားရနှင့် ပြန်ပြောသည်။

"လှူရမှာပေါ့ကွယ်၊ အရက်ဆိုင် ပိတ်ချိန်ကျမှ တစ်ခေါက် ပြန်လှည့်လာခဲ့။ အန်တီ့ယောကျ်ားတစ်ယောက်လုံး လှူလိုက်မယ်"



## လူမရှိဘူး

အမူးသမားတစ်ယောက်သည် ဟောလီဝုဒ် ရိုးဇဘက် ဟိုတယ် ဧည့်ခန်းထဲသို့ ဒယီးဒယိုင်ဖြင့် ဝင်လာကာ ကောင်တာမှ စာရေး ထံသို့သွားသည်။ ထို့နောက် စာရေးကိုပြော၏။

"ကျေးဇူးပြုပြီး အခန်းနံပါတ် ၅၅၅ သော့လေး ပေးပါလားခင်ဗျာ"

"ဝမ်းနည်းပါတယ်ခင်ဗျား၊ အဲဒီအခန်းမှာ လူရှိနေ ပါပြီ" ဟု စာရေးက အမူးသမားကို ပြန်ပြောသည်။

"ဟ .... အခု လူမရှိတော့လို့ပေါ့ကွ။ ငါ အခုပဲ အဲဒီအခန်း ပြတင်းပေါက်က ပြုတ်ကျလာလို့"






## မမှန်ပါဘူးဆရာ

ဒေါက်တာ ။ ။ "ခင်ဗျား သဘောပေါက်ရဲ့လား။ အရက် တစ်ခါသောက်တိုင်း အသက် တစ်လ တိုတို သွားတယ်ဆိုတာ"

လူနာ ။ ။ "မဟုတ်တာ ဆရာရယ်။ ဆရာပြောသလိုဆိုရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကတည်းက ကျွန်တော် သေခဲ့ပြီပေါ့"



## ဒုတိယအမှု

တရားသူကြီးနှစ်ယောက် အမူးလွန်၍ အရက်အလွန်အကျွံ သောက်မှုဖြင့် တရားရုံးတွင် စစ်ဆေးရမည်ဖြစ်ရာ တစ်ယောက်ကိုတစ်ယောက် အမှုပေါ့ပေါ့လျော့လျော့ ဖြစ်အောင် ကြိုးစားကြဖို့ သဘောတူလိုက်ကြ၏။

ပဌမ တရားသူကြီးက တရားရုံးသို့လာပြီး အပြစ်



ရှိကြောင်း ဝန်ခံ၏။ ထိုအခါ သူ့သူငယ်ချင်း တရားသူကြီးက သူ့အား ပေါင်ငွေငါးပေါင် ဒဏ်ရိုက်လိုက်၏။ ယခုတစ်ဖန် ပြန်အလှည့်ကျသူက ပထမတရားသူကြီးကို ဒဏ်ရိုက်သည့် တရားသူကြီး။

"ကျွန်ုပ် မောင်မင်းကို ထောင်ဒဏ်တစ်လ ချမှတ်လိုက်သည်"ဟု ပထမတရားသူကြီးက စီရင်ချက်ချမှတ်လိုက်သည်။

ထိုအခါ အပြစ်ဒဏ်ချခံရသူ တရားသူကြီးက တအံ့တသြနှင့် ရေရွတ်သည်။

"ဟ :.... ငါမင်းကို ငါးပေါင်ပဲ ဒဏ်ရိုက်တာပါကွာ"

"ငါသိပါတယ်။ မင်းကို ထောင်ဒဏ်တစ်လ ချတာ များမှန်း ငါသိတယ်။ ဒါပေမဲ့ ပြစ်ဒဏ်က မနေ့ကအမှုနဲ့ ဘာမှမဆိုင်ဘူး။ ငါဒီနေ့မှ ကြားရတဲ့ ဒုတိယအမှုအတွက်ကွ" ဟု ပထမတရားသူကြီးက ဆိုသည်။



## ဘယ်သူ ပြောလဲ

သဘော်သားနှစ်ယောက်သည် သဘော်သားဘဝမှ အနားယူပြီး အရက်ဆိုင်တစ်ဆိုင်ကို ဝယ်ယူလိုက်ကြ၏။ ထိုဆိုင်မှာ ရွာငယ်လေးထဲကဆိုင်ဖြစ်သည်။ အရက်ဆိုင်ကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သူတို့ ဆိုင်ကိုပိတ်လိုက်ကြသည်။ သို့သော်လည်း အချိန်တွေ တရွေ့ရွေ့သာ ကုန်ဆုံးသွားသည်။ အရက်ဆိုင်က ပြန်ဖွင့်မလာ။ အရက်ဆိုင်ပိတ်ထားတာ ကြာလွန်းလှ၍ ရွာသားများသည် သည်းမခံနိုင်ဖြစ်လျက် အုပ်စုဖွဲ့ပြီး အရက်ဆိုင်သို့ ချီတက်သွားကာ တံခါးသွားထုကြသည်။ အတော်ကြာမှ ပြတင်းပေါက် တစ်ခုပွင့်သွားပြီး လူတစ်ယောက်ပေါ်လာ၏။



"ဟော့ .... ဘာလိုချင်လို့လဲကွ" ဟုမူးမူးနှင့် ရွာသားများကို လှမ်းမေးသည်။

"ဆိုင်ဘယ်တော့ ပြန်ဖွင့်မလဲဆိုတာ ကျုပ်တို့ သိချင်လို့ဗျ"ဟု ရွာသားတစ်ယောက်က ပြန်အော်သည်။

"ဆိုင်ဖွင့်ဖို့ ဟုတ်လား၊ ငါတို့အရက်ဆိုင်ဖွင့်မယ်လို့ ဘယ်ကောင်ပြောတာလဲ။ ဒီဆိုင်ကို ဝယ်ထားတာ ငါတို့နှစ်ယောက်အတွက်ပဲ ဝယ်ထားတာကွ"ဟု ဆိုင်ထဲမှ သဘော်သားက ပြန်အော်လေသည်။



## ချစ်လို့မဟုတ်ပါ

အမူးသမားတစ်ယောက်သည် ဘားတစ်ခု၏ တစ်နေရာမှာ ဖန်ခွက်အလွတ်တစ်လုံးကိုင်ပြီး တိတ်တိတ်ကလေး ဝမ်းနည်းနေ၏။ သူ့ကိုသတိထားမိသော ဆိုင်ရှင်က မေးသည်။

"ဘာတွေများ ခံစားနေရတာလဲဗျ"

"မနေ့က ကျုပ် မကောင်းမှုကြီးတစ်ခု လုပ်ခဲ့လို့ဗျ။ ကျုပ်မိန်းမကို စကော့ဝီစကီတစ်လုံးနဲ့ လဲခဲ့မိတယ်" ဟုဆိုကာ တသိမ့်သိမ့် ရှိုက်ငိုနေသည်။



"ခု .... ခင်ဗျားမိန်းမကို ပြန်လိုချင်နေလို့လား" ဟု ဆိုင်ရှင်က ခပ်တိုးတိုးလေး မေးသည်။

"ဟုတ်တယ်၊ သိပ်ဟုတ်တယ်" ဟု အမူးသမားက ပြန်ဖြေလေသည်။

"ခင်ဗျား သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခုမှ သဘောပေါက်လာလို့ ပြန်လိုချင်နေတာပေါ့"

"ဟာ .... မဟုတ်တာ။ ကျုပ်အရက်သောက်ချင်လို့ ပြန်လိုချင်တာဗျ"




## ကူညီမယ်

ရဲသား ။ ။ "တစ်ဆိတ်လောက် လူကြီးမင်းခင်ဗျား။ ကျွန်တော် ဘယ်သူလဲဆိုတာ သိပါသလား"

အမူးသမား ။ ။ "ကျုပ် သိတယ်၊ မသိဘူး မပြောနိုင်ဘူး။ ဒါပေမဲ့ ခင်ဗျား ဘယ်မှာနေလဲသာ ပြော။ ကျုပ် အိမ်အရောက် လိုက်ပို့ပေးမယ်"





## ဆရာတို့ပြောသလိုလုပ်တာပါ

ဆရာဝန်သည် အရက် အလွန်အကျွံသောက်သည့် အရက်သမားကို ပွင့်ပွင့်လင်းလင်း သတိပေးနေသည်။

"ခင်ဗျား ဒီအချိုးအတိုင်းသာ ဆက်သောက်သွားရင် ငါးနှစ်အတွင်းသေမှာပဲ။ တစ်နေ့ကို ငါးခွက်လောက်ပဲ သောက်ဖို့ ကျွန်တော်အကြံပေးချင်တယ်"

ဆရာဝန်၏ အကြံပြုချက်ကို အရက်သမားက သဘောတူပြီး ဆေးခန်းထဲမှ ထွက်ခွာသွားသည်။

နှစ်ပတ်ကြာပြီးနောက်မှာတော့ လမ်းထဲမှာ လူမှန်းသူမှန်းမသိအောင် မူးနေသော အရက်သမားကို ဆရာဝန်က တွေ့လိုက်သောအခါ ဒေါသထောင်းခနဲ ထွက်သွားသည်။

"ကျွန်တော် ခင်ဗျားကို ငါးခွက်ပဲသောက်လို့ ပြောခဲ့တာ မှတ်မိလား"

"သိပ်မှတ်မိတာပေါ့ ဆရာရယ်။ ဆရာ့အကြံပေးချက်ကို ကျွန်တော်လိုက်နာပါတယ်။ ဒါပေမဲ့ နောက်ထပ်အကြံပေးချက်ကလေးတွေ လိုချင်တာနဲ့ တခြားဆရာဝန်သုံးယောက်ကို သွားပြီးမေးခဲ့ပါသေးတယ်။ သူတို့ကလည်း ပြောတယ်လေ၊ တစ်နေ့ကို ငါးခွက်ပဲ သောက်ရမယ်တဲ့"



## ဘယ်လောက်မြင့်မှလဲ

ဆေးသုတ်သမားတစ်ယောက်သည် လှေကားတစ်ခုပေါ်မှ ပြုတ်ကျပြီး ကြမ်းပြင်ပေါ်မှာလဲနေ၏။ ထိုအခါ ဖိုမင်ဖြစ်သူက အပြေးအလွှား ရောက်လာသည်။

"ဟေ့ .... ဒီကောင် ဆယ်ပေလှေကားပေါ်က ပြုတ်ကျတာ။ သူ့ကို ရေတစ်ခွက် အမြန်တိုက်လိုက်စမ်း"

ထိုအခါ ဆေးသုတ်သမားသည် တံတောင်ကို အားပြုကာ လဲနေရာမှထလိုက်ရင်း ....

"ဘယ်လောက်အမြင့်ကနေ ပြုတ်ကျရင် ဝီစကီ တစ်ခွက်သောက်ရမလဲ ဆရာ"ဟု ဆိုလေသည်။





## ကောင်းပါတယ်

အရက်မူးနေသူသုံးယောက်သည် ဘုံဆိုင်ထဲမှထွက်လာကာ တက္ကစီတစ်စီးငှားပြီး ဘူတာရုံသို့ သွားကြ၏။ သူတို့ ဘူတာကို ရောက်ချိန်မှာ ရထားက ထွက်လုဆဲဆဲ။

ထိုအခါ ကူညီလိုစိတ်ရှိသော ဝန်ထမ်းတစ်ယောက်က သူတို့သုံးယောက်ထဲမှ နှစ်ယောက်ကို အလျင်အမြန်တွဲခေါ်ပြီး ရထားပေါ်သို့ တင်ပေးလိုက်၏။ ထိုအခါ ရထားမှာ ထွက်နေလေပြီ။

"ဆရာ့ကို ရထားပေါ် တင်မပေးလိုက်နိုင်တဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်"ဟု ဝန်ထမ်းက ကျန်ခဲ့သည့် တစ်ယောက်ကို တောင်းပန်သည်။

"ကောင်းကွာ၊ အဲဒီနှစ်ယောက်က ငါ့ကို လိုက်ပို့တဲ့ကောင်တွေကွ"



## မှောင်နေလို့ပါ

အမူးသမားတစ်ယောက်သည် လမ်းမီးတိုင်အောက်က ပလက်ဖောင်းပေါ်မှာ လေးဖက်ထောက်ပြီး တစ်စုံတစ်ရာ ရှာဖွေနေသည်။

"တစ်ခုခုကို ရှာနေတာလားဆရာ"ဟု ရဲသားက အမူးသမားကို မေးသည်။

"ကျွန်တော့်ပိုက်ဆံအိတ် ကျပျောက်သွားလို့ ရှာနေတာပါ"

"ခင်ဗျား ဘယ်နေရာမှာ ကျခဲ့တာလဲ။ တိတိကျကျ သိလား"

"ဟိုဘက်လမ်းမှာ ကျခဲ့တာဗျ"

"ဟာ .... ဒါဆို ဘာလို့ဒီနေရာမှာ လာရှာနေတာလဲ"

"အိုဗျာ .... ဟိုဘက်လမ်းက မှောင်နေလို့ပေါ့"





## သိဘူးလေ

အရက်သမားနှစ်ယောက် မူးမူးနှင့် အိမ်ပြန်လာကြသည်။ တစ်ယောက်က အပေါ်ကိုမော့ကြည့်ပြီး ပြော၏။

"ဟိုး အပေါ်ကလင်းနေတာ 'နေ'လား .... 'လ'လားကွ"

"သိဘူးလေ။ ငါက ဒီလမ်းမှာနေတာမှ မဟုတ်တာ"



**ဒါပေမဲ့**

"သမီး အဲလိဇဘက် .... မနေ့ညက မင်းဖေဖေ ပြန်လာတော့ မူးလာလား။"

"မူးမယ်တော့မထင်ဘူး မေမေ။ ဒါပေမယ့် သူ ဘယ်သူလဲဆိုတာ သိချင်တယ်ဆိုပြီး သမီးကို မှန်တော့ ယူခိုင်းတယ်"





**လွယ်ပါတယ်**

အရက် အလွန်အကျွံမူးနေသော ညစာလာစားသူ တစ်ယောက်သည် စားပွဲထိုးတစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"ဟော့ .... စားပွဲထိုး။ ငါ အရက်တွေသောက်တာ သိပ်များသွားတယ်ထင်တယ်။ ရေရေလည်လည် မူးတယ်ကွာ။ အမူးပြေဖို့ တစ်ခုခုရှာပြီး ငါ့ဆီယူလာပေးစမ်းကွာ"

"လွယ်ပါတယ်ဆရာ၊ ကျွန်တော် ကျသင့်ငွေ ဘောက်ချာယူခဲ့ပါမယ်"



**အချစ်ကြီးသူ**

"နှင့်ယောကျ်ား ဘာဖြစ်လို့ ဆုံးသွားတာလဲ"

"အချစ်ကြောင့်ပေါ့"

"အိုး .... ငါကြားတာက သူ အရက်ကြောင့် သေတာဆို"

"မှန်တယ်လေ၊ အရက်ကိုချစ်တဲ့ အချစ်ကြောင့်ပေါ့"





**အလယ်သား** ။

အမူးသမားတစ်ယောက်သည် ကုန်စုံဆိုင်ကြီး တစ်ဆိုင်ထဲသို့ ယိုင်ထိုးယိုင်ထိုးဖြင့် ဝင်လာကာ ချိုချဉ်ရောင်းသည့် ကောင်တာဆီသို့ သွား၏။

"ဟေ့ .... မင်း .... မင်း .... မင်းတို့ဆိုင်မှာ အလယ်မှာ ဘရန်ဒီအရက်ပါတဲ့ ချောကလက် ရောင်း .... ရောင်းလား"

"ဟုတ်ကဲ့၊ ရောင်းပါတယ်"

"သိပ်ကောင်းတယ် .... ငါ့ကို အလယ်သားချည်း ငါးပေါင်ပေး"



## အိပ်မက်ဆိုး

အရက်နာကျနေသော ခင်ပွန်းဖြစ်သူသည် မနက်စာစားရန်အတွက် အပေါ်ထပ်မှဆင်းလာ၏။

"မနေ့ညက ရှင် ဘာတွေအော်နေတာလဲ" ဇနီးဖြစ်သူက မေးသည်။

"ငါ မနေ့ညက အိပ်မက်ဆိုးမက်တယ်။ ငရဲခန်း အိပ်မက်ဆို ပိုမှန်မယ်ကွ"ဟု ခင်ပွန်းဖြစ်သူက ခေါင်းကို လက်နှစ်ဖက်နှင့်အုပ်ပြီး ပြောသည်။

"မနေ့က အိပ်မက်ထဲမှာ လူတစ်ယောက်က ငါ့ကို သေနတ်နဲ့ပစ်တာ။ ငါလန့်နိုးပြီး မှန်ထဲသွားကြည့်လိုက်တော့ ငါ့မျက်နှာမှာ အပေါက်ကြီးဖြစ်နေတာ တွေ့လိုက်ရတာပဲ"

"နောက်တော့ ဘာဖြစ်သွားလဲ"

"ငါ့ပါးစပ် ပိတ်လိုက်တော့ အဲဒီအပေါက်ကြီး ပျောက်သွားတယ်"





## တစ်ခုပဲရှိတာပါ

အမူးသမားတစ်ယောက်သည် ဟိုတယ်ဧည့်ခန်းကောင်တာကိုလာပြီး မူးမူးရူးရူးနှင့် သူ့အခန်းပြောင်းချင်သည်ဟု ပြောသည်။

ထိုအခါ စာရေးဖြစ်သူက ပြန်ပြောသည်။

"ဒါနဲ့ ဆရာရယ် .... အခု ဆရာနေတဲ့ အခန်းက ဒီဟိုတယ်မှာ အကောင်းဆုံးပဲ"

"ငါ တခြားအခန်းပဲ ပြောင်းချင်တယ်ကွာ" ဟု အမူးသမားက ဇွတ်အတင်းပြောသည်။

"ဒါဆိုလည်း ကောင်းပါပြီဆရာ၊ ဆရာ့ကို အခန်း ၅၀၂ ကနေ ၅၅၅ ကို ပြောင်းပေးလိုက်မယ်"

"အေး .... ကျေးဇူးပဲ" ဟု အမူးသမားက အာလေးလျှာလေးနှင့်ပြောသည်။

"ဆရာ .... ဘာဖြစ်လို့ အခန်း ၅၀၂ မှာ မနေချင်ရတာလဲ။ ကျွန်တော့်ကိုပြောပြနိုင်မလား"ဟု စာရေးကမေးသည်။

"ရပါတယ် .... တစ်ခုပဲရှိတာပါ .... အခု အဲဒီအခန်း မီးလောင်နေလို့"



**ဘယ်သူပြောလဲ**

ဇနီး ။ ။"ဒါလင် ကျွန်မအတွက်အရက်ဖြတ်မယ် မဟုတ်လားဟင်"

ခင်ပွန်း ။ ။"ဟေ့ မင်းအတွက်ကြောင့် ငါအရက်သောက်တယ်လို့ ဘယ်ကောင်ပြောလဲ"





**လူသစ်**

အရက်ဆိုင်ကိုရောက်လာသည့် လူတစ်ယောက်သည် ဆေးလိပ်တစ်လိပ်ကို မီးညှိကာ ဖွာနေ၏။ ထိုအခါ ဆိုင်ရှင်ဖြစ်သူက ပြောသည်။

"ဆရာသမားက ဒီကို တစ်ခါမှ မရောက်ဖူးတဲ့ လူစိမ်းထင်တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"ဪ ခင်ဗျားက အရက်ခွက်ကို မသောက်သေးဘဲ အခုအချိန်အထိ ဒီအတိုင်း ချထားနေလို့ပါ"



## ကိစ္စမရှိပါဘူး

အရောင်းမန်နေဂျာတစ်ယောက်သည် အရက်ဆိုင်တစ်ဆိုင်မှာ အရက်သောက်နေသည့် အရောင်းစာရေးတစ်ယောက်ထံ ချဉ်းကပ်သွား၏။ သူတို့နှစ်ယောက်က ကုမ္ပဏီကြီးကြီးတစ်ခု အောက်မှာ အလုပ်အတူလုပ်ရသူ တွေဖြစ်သည်။ မန်နေဂျာက စားပွဲမှာထိုင်ပြီး အရောင်းစာရေးကို ပြောသည်။

"ခင်ဗျားသာ သိပ်အရက်မသောက်ရင် ဒီကုမ္ပဏီမှာ ကျွန်တော့်လို အရောင်းမန်နေဂျာတစ်ယောက် ဖြစ်တာကြာလှပြီ။ ခင်ဗျား အရက်မသောက်ဘဲနေရင် အကျိုးရှိမယ်လို့ မစဉ်းစားမိဘူးလားဗျာ"

"ကိစ္စမရှိပါဘူး၊ ကျုပ်မူးလာရင် ကျုပ်က မန်နေဂျင်းဒါရိုက်တာပဲ"





## တော်သေးတာပေါ့

အမူးသမားတစ်ယောက်သည် ဘားဆိုင်တစ်ဆိုင်ထဲသို့ ဝင်လာကာ စာရေးကိုမေးသည်။

"မနေ့ညက ငါ ဒီမှာရှိလား"

"ရှိပါတယ် ဆရာ၊ မနေ့က ဆရာ ဒီမှာသောက်တာလေ"

"ငါသောက်တဲ့ ပိုက်ဆံများလား"

"ပေါင် ၈၀ လောက် ရှိမယ်ထင်တယ်"

ထိုအခါမှ အမူးသမားသည် စိတ်သက်သာသွားပုံရပြီး သက်ပြင်းဟင်းခနဲ ချလိုက်သည်။

"တော်သေးတာပေါ့ကွာ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပဲ။ ငါက အဲဒီပိုက်ဆံတွေ ကျပျောက်သွားတယ် ထင်နေတာ"



**ဘရန်ဒီ ဒန်ဒီ**

အရက်ဘားနောက်မှာ အရက်စပ်နေသည့် ကောင်မလေးကို လူတစ်ယောက်က မေးသည်။

"ဟေ့ .... နင် ဘာတွေ စပ်နေတာလဲ"

"ကျွန်မစပ်နေတဲ့အရက်ကို 'ဘရန်ဒီ ဒန်ဒီ'လို့ ခေါ်တယ်"

"အဲဒီအထဲမှာ ဘာတွေပါလဲ"

"သကြားရယ်၊ နွားနို့ရယ်၊ ဘရန်ဒီရယ် ပါတယ်"

"ကောင်းရော ကောင်းရဲ့လားဟာ"

"သိပ်ကောင်း။ သကြားက စွမ်းအားကို ပေးတယ်။ နွားနို့က ခွန်အားကိုပေးတယ်"

"ဟ .... ဒါဆို ဘရန်ဒီကရော"

"အဲဒီ စွမ်းအားနဲ့ ခွန်အားတွေကို ဘယ်လို အသုံးချရမလဲဆိုတာ အကြံဉာဏ်တွေပေးတယ်လေ"





**ဟုတ်လား**

"မိန်းမရေ ဆောရီးပဲကွာ။ မောင်ဒီနေ့ နောက်ကျသွားတယ်။ ဘုံဆိုင်က ဘီယာသောက်ပြိုင်ပွဲမှာ မောင် ပြိုင်ပွဲဝင်ခဲ့ရလို့ပါ။ မောင်တောင်းပန်တယ်နော်"ဟု မူးလာသော ယောကျ်ားဖြစ်သူက မိန်းမအား အာသွက်လျှာသွက်ဖြင့် ပြောသည်။

"ဩော် .... ဟုတ်လား။ ဒါဆို ဘယ်သူ ဒုတိယရသွားလဲ"ဟု မိန်းမက အေးစက်စက်နှင့် ပြန်မေးလေသည်။



### ကြိုက်ပါဘူး

သူသည် သူနှင့်အတူပါလာသော ကောင်မလေးကို ချော့မော့ပြီး အရက်တိုက်နေ၏။ ကောင်မလေးကလည်း တစ်သက်မှာ အရက် တစ်စက်တောင် မသောက်ဖူးဘူးဟု အိုက်တင်ခံနေသည်။ နောက်ဆုံးတော့ ဆိုင်ထဲကမီးတွေ မှိန်မှိန်လေးဖြစ်လာသည်။ ဂီတသံကလည်း သာယာငြိမ့်ညောင်းလာသည်။ ထိုအခါ သူက ကောင်မလေးကို စကော့ချ်ဝီစကီတစ်ခွက်တိုက်သည်။

ကောင်မလေးက ခွက်ကိုလှမ်းယူပြီး တစ်ငုံ ငုံကာ ပြန်ထွေးထုတ်၏။

"မင်း အရသာ မကြိုက်လို့လားဟင်"သူကမေးသည်။

"ဟင့်အင်း .... လုံးဝမကြိုက်ဘူး။ ရှင်ပြောတော့ စကော့ချ်ဝီစကီတဲ့။ ကျွန်မကိုတိုက်တော့ အိုင်းရစ်ချ်ဝီစကီ။ ပေါ်ပေါ်ပဲပဲ အရက်ကိုများ ကြိုက်ပါဘူး"





### မိုးလိုမ်လို့ပါ

ဆိုင်ကယ်ကို မိုင်ကုန်တင်ပြီးမောင်းလာသော ဆိုင်ကယ်သမားကို ယာဉ်ထိန်းရဲက လှမ်းတား၏။

"ခင်ဗျား မောင်းတာ သတ်မှတ်နှုန်းထက် ကျော်နေတယ်" ယာဉ်ထိန်းက ပြောသည်။

"ဟုတ်ပါတယ်ခင်ဗျား၊ မှန်ပါတယ်။ ကျွန်တော် အရက်သောက်တာများသွားလို့ တော်တော်မူးနေပါတယ်။ ဒါကြောင့် တိုက်မှုခိုက်မှု တစ်ခုခုမဖြစ်ခင် အိမ်ကို မြန်မြန်မြန်ရောက်ချင်လို့ မိုင်ကုန်တင်မောင်းလာတာပါ"



## ပြန်လည်ဆုံကြရတယ်

စကော့တလန် အဘိုးအိုနှစ်ယောက်သည် နှစ်ပေါင်းလေးဆယ် ကြာပြီးနောက် ပြန်တွေ့ကြရာ၊ တွေ့တွေ့ချင်း ပြန်လည်တွေ့ဆုံသည့် အထိမ်းအမှတ်တစ်ခုအဖြစ် သောက်ပွဲဆင်နွှဲကြရန် အနီးဆုံးအရက်ဆိုင်သို့ အပြေးအလွှား ရောက်သွားကြ၏။

"ငါတို့ ပြန်လည်တွေ့ဆုံပွဲအတွက် ဒီတစ်ခေါက် သောက်ရတာ တော်တော်အရသာရှိမယ်ကွ" ဟု တစ်ယောက်သော အဘိုးအိုကပြော၏။

"ဟုတ်တယ်ကွ။ ဟ .... ဟော့ကောင်၊ ဒါပေမယ့် မင်း မေ့ချင်ယောင်တော့ မဆောင်နဲ့နော်။ ဒီတစ်ခါ မင်း တိုက်ရမယ့်အလှည့်။ နောက်ဆုံးအကြိမ်တွေ့ခဲ့တုန်းက ငါတိုက်ခဲ့တာ"





## တလွဲမထင်ပါနဲ့

ခင်းနှစ် ။ ။ "အရက်က မင်းကို လှပစေတယ်။ ဆွဲဆောင်မှု ရှိစေတယ်ကွာ။ မင်း သိပ်လှတာပဲ"

မာဂရက် ။ ။ "ဟင်း သူကလည်း၊ ကျွန်မ အရက်မှသောက်မထားတာ"

ခင်းနှစ် ။ ။ "ဟင့်အင်း၊ ငါသောက်ပြီး မင်းကို ကြည့်ရင်းပြောတာ"



## စိတ်ဆိုးတယ်

အရက်မူးသမားတစ်ယောက်သည် အရက်ဆိုင်ပိုင်ရှင်ရှိရာ အပေါ်ထပ်သို့ ဒယီးဒယိုင်ဖြင့် တက်သွားပြီး လက်ညှိုး ငေါက်ငေါက်ထိုးကာ ပြော၏။

"ဒီမှာ ကျုပ် ခင်ဗျားရဲ့ဘားမှာ ထိုင်တဲ့ကောင် အကြောင်း တိုင်စရာရှိတယ်"


"ဘာဖြစ်လို့လဲဗျာ" ဆိုင်ရှင်က မေးသည်။

"ဒီကောင် ကျုပ်ဦးထုပ်ကို လေ့ကားပေါ် ကန်ချပစ် လိုက်တယ်။ ဒီကောင် ဒီလိုလုပ်တာ ကောင်းလား"

"ဟာ .... ဒီကောင်က လူကြီးမင်းကို နောက်တာ ဖြစ်မှာပါ။ လူကြီးမင်း စိတ်မဆိုးဘူးမဟုတ်လား"

"သိပ်စိတ်ဆိုးတာပေါ့ဗျ။ သူ ကန်တုန်းက ကျုပ် ဦးထုပ်ကို ဆောင်းထားတာ"





## လက်ချာ

အမူးသမားတစ်ယောက်သည် မနက်ခင်း နှစ်နာရီအချိန်မှာ ယိုင်ထိုးယိုင်ထိုးနှင့် လမ်းမပေါ်မှာ လျှောက်နေသည်။ ထိုစဉ် ကင်းလှည့်နေသော ရဲကားတစ်စီးက သူ့အနားမှာထိုးရပ်သည်။

"ဟေ့ .... ခင်ဗျား ဘယ်သွားမလို့လဲ"ဟု ရဲသားက မေးသည်။


"ဩ .... ရဲအရာရှိကြီးပါလား။ ကျွန်တော် လက်ချာ တစ်ခု သွားတက်မလို့ပါ"

"ဒီအချိန်ကြီးမှာ ဘယ်ဆရာက လက်ချာပို့ချနေ လို့လဲ"

"ရှိတာပေါ့ ဆရာသမားရဲ့"

"ဘယ်ကဆရာလဲ"

"ကျွန်တော့် မိန်းမလေ"



**လွမ်းနေမှာပါ**

"ကျုပ်မိန်းမက ပြောတယ်ဗျာ။ ကျုပ်အရက်မဖြတ်ရင် ဆက်မပေါင်းတော့ဘူးတဲ့"

"အို .... စိတ်မကောင်းစရာပဲ"

"ကျုပ်လည်း စိတ်မကောင်းဘူး။ ကျုပ် သူ့ကို လွမ်းနေရတော့မှာပါ"





**နုတ်ထွက်ချင်လို့**

အရက်မူးသမားတစ်ယောက်သည် လမ်းမှာတွေ့သည့် အမျိုးသမီးတစ်ယောက်ကို အရက်ဖြတ်သူများအသင်း ဘယ်နားမှာလဲ ဟု မေးသည်။

"ရှင်က အသင်းဝင်ချင်လို့လား" ဟု အမျိုးသမီးက မေးသည်။

အမူးသမားက. . .

"ဟင့်အင်း .... နုတ်ထွက်ချင်လို့" ဟု ပြန်ဖြေလေသတည်း။



**မှုးချင်းသူ**

လူတစ်ယောက် အရက်ဆိုင်ထဲသို့ဝင်ခဲ့ရာ ကြမ်းပြင်ပေါ်မှာ မှူးပြီးမှောက်နေသည့် လူတစ်ယောက်ကို ခလုတ်တိုက်မိသည်။

"ဘာအရက်သောက်မလဲ ဆရာ" ဟု စားပွဲထိုးက သူ့ကို မေးသည်။

ဆိုင်ထဲဝင်လာသူက ကြမ်းပြင်ပေါ်မှာမှူးပြီး မှောက်နေသည့်လူကို လက်ညှိုးထိုးပြ၍ ....

"အဲဒီလူ သောက်တဲ့ အရက်မျိုးပေးကွာ" ဟု ဆိုလေသည်။





**ဘာနေ့လဲ**

အမူးသမားနှစ်ယောက် ဘားဆိုင်မှာ ဆုံကြ၏။

"ဟေ့ .... ဆမ်မီ၊ ဒီနေ့ .... ဘာနေ့လဲကွ" ဟု တစ်ယောက်က မေးသည်။

"ငါမသိဘူး" ဟု ဆမ်မီက ပြန်ဖြေသည်။

"ဟေ့ကောင်၊ မင်းအိတ်ကပ်ထဲက သတင်းစာကို ထုတ်ကြည့်လေကွာ"

"ထူးမှာမဟုတ်ပါဘူးကွာ။ အဲဒါ မနေ့က သတင်းစာကြီးကွ"ဟု ဆမ်မီက ပြန်ဖြေသည်။



## ဖြစ်ပါတယ်

ဘဲလ်ဖတ်စ်မြို့မှာ ထိုညက မြူတွေထူထဲစွာ ကျရောက်နေသည်။ လူတစ်ယောက်သည် မြို့လယ်ကောင် အရက်ဘားတစ်ခုမှ ထွက်လာ၏။ ထို့နောက် တက္ကစီတစ်စီးဆီသွားသည်။ သူ တော်တော်မူးနေပြီ။

"ဆရာသမား၊ ကျုပ်ကို ချယ်ရီတောင်ကြားကို ပို့ပေးနိုင်မလား" ဟု ထိုအမူးသမားက တက္ကစီဒရိုင်ဘာကိုမေးသည်။

"ဝမ်းနည်းပါတယ် ခင်ဗျား။ ဒီမြူတွေ မပျောက်မချင်း ကျွန်တော်ကားမမောင်းနိုင်ပါဘူး"

"ကျုပ် ခင်ဗျားကို နှစ်ဆပေးပါမယ် ခင်ဗျာ။ ကျုပ်



အိမ်ကို ပြန်မှဖြစ်မှာမို့ပါ။ မပြန်ရင် ကျုပ်မိန်းမက ကျုပ်ကိုသတ်မှာဗျ"

ဒရိုင်ဘာက အတန်ကြာတွေးနေသည်။ ပြီးတော့မှ အမူးသမားကို လိုက်လျောသည့် အနေဖြင့် ....

"ကျုပ်ကို သုံးဆပေးဗျာ။ ကျုပ် တခြားဒရိုင်ဘာတစ်ယောက်ကို သွားခေါ်ပြီး ကားရှေ့ကနေ နှင်းခဲ့ဓာတ်မီးထိုးခိုင်းပြီးမောင်းမယ်" ဟု အကြံပြုသည်။

"ဘာလို့ သူများကို သွားခေါ်ရမှာလဲဗျ။ ကျုပ်ကို ဓာတ်မီးသာ ပေးစမ်းပါ။ ကျုပ်ကားရှေ့ကလျှောက်ပြီး ခင်ဗျားကို ထိုးပြမှာပေါ့။ ဒီလောက်တော့ဖြစ်ပါတယ်" ဟု အရက်သမားက ပြောသည်။




### သူတို့အမြင်

အကောင်းမြင် သမားတစ်ယောက်က ဝီစကီပုလင်း တစ်လုံးသည် အရက်တစ်ဝက်ပဲ ပြည့်နေသည်ဟု ပြောသည်။

အဆိုးမြင်သမားတစ်ယောက်က ဝီစကီပုလင်း တစ်လုံးသည် တစ်ဝက်ဟာနေသည်ဟုဆို၏။





### ဘာရှိလဲ

အမူးသမားတွေထဲမှ တစ်ယောက်သည် လက်နှစ်ဖက်ကို သိုသိုဝှက်ဝှက်နှင့် အုပ်ကိုင်ထား၏။ ထို့နောက် သူနှင့်အတူ သောက်နေသည့် အရက်သမားကို ....

"ငါ့လက်ထဲမှာ ဘာရှိလဲဆိုတာ မှန်းကြည့်စမ်း"

"ရုပ်မြင်သံကြားစက် ရှိတယ်"

"မဟုတ်ဘူး၊ ထပ်မှန်းကြည့်စမ်း"

"မြင်းတစ်ကောင်"

"ဟင့်အင်း၊ ကြိုးစားကြည့်ပါဦးကွ"

"ကျောင်းမချောချောလေးတစ်ယောက် ရှိတယ်"

ထိုအခါ အမူးသမားက မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျပြီး ....

"မင်း မတရားဘူး ..... ဟေ့ကောင်။ ငါ မဖွက်ခင် မင်း ချောင်းကြည့်ထားတယ်"ဟု ဆိုသည်။



**ဒါလေးများ**

အိမ်ရှင်မသည် အိမ်အောက်မှ ဝုန်းဒိုင်းမြည်သံ၊ ပြိုကျသံ များ ကြားလိုက်ရသောကြောင့် လန့်နိုးလာပြီး အောက်ထပ်ကို ဆင်း ကြည့်ရာ၊ သူတို့ကားသည် ထမင်းစားခန်းထဲသို့ ရောက်နေ သည်ကို တွေ့လိုက်ရသည်။

"ရှင် ကားကို ထမင်းစားခန်းထဲရောက်အောင် ဘယ် လိုလုပ်များ မောင်းလာရသလဲတော်" ဟု ကားမောင်းလာသည့် သူ့ယောကျ်ား အမူးသမားကို ဒေါသထွက်ထွက်နှင့် ပြစ်တင် ကြိမ်းမောင်းသည်။

"ဒါလေးများ မိန်းမရယ်၊ မီးဖိုချောင်ထဲ မောင်းဝင်ပြီး ဘယ်ဘက်ကွေ့လိုက်တော့ ထမင်းစားခန်းထဲ ရောက်လာတာ ပေါ့"ဟု ယောကျ်ားဖြစ်သူကဖြေသည်။





**ကယ်တင်ရှင်**

နီကိုနှင့် ဘာဝီဆိုသည့် သူငယ်ချင်းနှစ်ယောက်သည် တစ်ညသ၌ မူးမူးနှင့် မြစ်ကမ်းပါးအတိုင်း ခြေသိုင်းနင်းပြီး အိမ်ပြန်လာကြ၏။ ဘာဝီသည် လမ်းလျှောက်နေရင်းနှင့် ခြေချော်ပြီး မြစ်ထဲသို့ ကျသွားသည်။ ဘာဝီ အရမ်းမူးနေတာကို သိသော အရမ်းမူး နေသည့် နီကိုက ဘာဝီကို မြစ်ထဲမှဆယ်ယူခဲ့သည်။

မနက် နှစ်နာရီအချိန်တွင် ရဲသားတစ်ယောက် နီကို ၏ အိမ်တံခါးကိုလာခေါက်သည်။

"မနေ့ညက ဘာဝီ ရေနစ်တာ ခင်ဗျား ကယ်ခဲ့တယ် မဟုတ်လား" ဟု ရဲသားက မေးသည်။

"ဟုတ်ပါတယ်။ ကျွန်တော် သူ့ကို ကယ်ခဲ့ပါတယ်" ဟု အမူးမပြေသေးသောနီကိုက ရဲသားကို ပြန်ဖြေသည်။

"အင်း ဒါဆို ခင်ဗျားကိုပြောရမှာ စိတ်မကောင်းစရာပဲ။ အခု ဘာဝီ သစ်ပင်တစ်ပင်မှာ သူ့ကိုယ်သူ ဇွဲကြိုးချပြီး ဆုံးသွားပါပြီ"ဟု ရဲသားက ဝမ်းနည်းစွာ ပြောလိုက်သည်။

"ဟုတ်ရဲ့လားဗျာ၊ ကျွန်တော် သူ့ကို ရေခြောက်သွားအောင်လို့ သစ်ပင်မှာကြိုးနဲ့ဆွဲပြီး တွဲလောင်းထားခဲ့တာပါ"





**သူ့ဆုတောင်း**

အမူးသမားတစ်ယောက်သည် အရက်ဆိုင်မှ ပြန်ထွက်လာသောအခါ ဈေးပေါပေါ ဝိုင်အရက်နီတစ်လုံးဝယ်ကာ အိတ်ကပ်ထဲထည့်ခဲ့သည်။ သူ လမ်းမပေါ်မှာ ခြေလှမ်းမှန်အောင် လျှောက်ရင်းနှင့် ခြေခေါက်ပြီး မြောင်းထဲသို့ ပြုတ်ကျသွားသည်။ ရေမရှိသည့်မြောင်းထဲမှာ သူ့ကိုယ်သူထိန်းပြီး မတ်တတ်ရပ်လိုက်ရာ ပလက်ဖောင်းပေါ်မှာ အနီရောင် အရည်ကွက်များ စွန်းနေသည်ကို တွေ့လိုက်ရသည်။ ထိုအခါ သူသည် သူဝယ်လာသည့်ဝိုင်အရက်နီကို သတိရလိုက်ပြီး ကောင်းကင်ဘုံသို့ မော့ကြည့်ကာ ဆုတောင်းလိုက်သည်။

"အို .... အဖ ဘုရားသခင်၊ ထိုအနီစက်များသည် တပည့်တော်၏ သွေးစက်များဖြစ်ပါစေ"



**မငေးနဲ့**

အမူးသမားတစ်ယောက်သည် အဆောက်အအုံ တစ်ခုပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားပြီး ပဥ္စမထပ်ရောက်သော အခါ ပြတင်းပေါက်မှ ခုန်ချလိုက်သည်။ သူ လမ်းဘေးက ပလက် ဖောင်းပေါ်မှာ လဲနေရာ လူတွေ တစ်ယောက်ပြီးတစ်ယောက် လာကြည့်သောကြောင့် လူအုပ်ကြီးဖြစ်သွားသည်။

ရဲတစ်ယောက်က ထိုလူအုပ်ကြားထဲ တိုးဝင်လာပြီး လဲနေသောအမူးသမားကို မေးသည်။

"ဘာဖြစ်တာလဲ"

"ကျုပ်ကို ဘာမှမမေးနဲ့။ ကျုပ်ဘာသာ ကျုပ် ဒီနေရာကို ရောက်လာတာ"ဟု အမူးသမားကဆိုသည်။





**ကာဘရိုက်တာထဲ ရေဝင်နေလို့**

မူးနေသောယောက်ျားဖြစ်သူ အိမ်ထဲဝင်လာသောအခါ မိန်းမ ဖြစ်သူက ဒေါနှင့်မောနှင့်ဆီးကြိုသည်။

"ရှင် သောက်လာပြန်ပြီပေါ့။ ရှင် အိမ်ကို လမ်း လျှောက်ပြန်လာတယ်ဆိုတော့ တော်ပါသေးတယ်။ မူးရင် မမောင်းနဲ့ ဆိုတဲ့စကားကို သတိရလို့မဟုတ်လား"

"ကားစက်နှိုးလို့ မရတာပါကွာ"

"ကားက ဘာဖြစ်ပြန်ပြီလဲ"

"ကာဘရိုက်တာထဲမှာ ရေဝင်နေလို့ဟ"

"ဒါဆို ကားက ခုဘယ်မှာလဲ"

"မြစ်ထဲမှာ"



**မချစ်နိုင်သူတွေ**

ပထမအမူးသမား ။ ။"ငါ့မှာ ချစ်ကြည်နူးမှုဆိုတာ ဘာမှ မရှိဘူးကွာ"

ဒုတိယအမူးသမား။ "ဘယ်လို ဖြစ်ရတာလဲကွာ"

ပထမအမူးသမား ။ ။"ဘာဖြစ်ရမှာလဲကွာ၊ ငါ့မိန်းမက ညတိုင်း ခေါင်းကိုက်တယ်။ ငါက မနက်တိုင်း အရက်နာကျတယ်။ ဘယ်မှာလဲ ချစ်ဖို့အချိန်ဆိုတာ"





**အချိန်မရလို့**

လူတစ်ယောက်သည် ဘုံဆိုင်သို့ အမြေးအလွှား ရောက်လာကာ သူ့မိတ်ဆွေထိုင်နေသည့် ဝိုင်းတစ်ဝိုင်းသို့ ဟောဟဲ၊ ဟောဟဲနှင့် အမောတကောသွားထိုင်ပြီး သူ့မိတ်ဆွေကို ပြောသည်။

"သူငယ်ချင်း၊ ငါ ဒီမှာ ကြာကြာ မထိုင်နိုင်ဘူး။ ငါ့မိန်းမက ငါ ရေချိုးခန်းထဲမှာပဲ ရှိနေမယ်လို့ထင်တာ"



## ပျောက်သွားတယ်

တက်ဒ် ။ ။ "ငါ အရမ်း ခိုက်ခိုက်တုန်အောင် အေးလာပြီ ဆိုရင် ဝီစကီတစ်လုံးဝယ်ပြီး အိမ်ပြန်လိုက်တာပဲ။ တစ်နာရီလောက်ကြာပြီဆိုရင် ပျောက်သွားတော့တာပဲ"

ပေါလ် ။ ။ "ဘာပျောက်သွားတာလဲ၊ အအေးလား"

တက်ဒ် ။ ။ "ဟင့်အင်း၊ ဝီစကီတွေလေ"





## ၁၁ နာရီမှာ ဆိုင်ဖွင့်သည်

နံနက် နှစ်နာရီထိုးချိန်တွင် တယ်လီဖုန်းမြည်သံကြောင့် အရက်ဆိုင်ပိုင်ရှင်နိုးလာ၏။ သူ့ကို ဖုန်းဆက်သူက သူမြို့ထဲမှာဖွင့်ထားသည့် အရက်ဆိုင်က ပုံမှန်ဖောက်သည် ဖြစ်နေသည့် တယ်ရီဘရောင်း။

"ဟေ့လူ၊ ခင်ဗျားဆိုင်က မနက်ဆို ဘယ်နှနာရီ ဖွင့်တာလဲဗျ" ဟု တယ်ရီကမေးသည်။

"ဆယ့်တစ်နာရီမှ ဖွင့်တယ်"ဟု အိပ်ရေးမဝ၍ အိပ်ချင်မူးတူးဖြစ်နေသော ပိုင်ရှင်ကဖြေပြီး ဖုန်းကို ဂွပ်ခနဲ ပစ်ချသည်။

နောက်ထပ် သုံးနာရီခန့် ကြာပြီးသောအခါ ဖုန်းသံက မြည်လာပြန်သည်။ ဖုန်းဆက်သူမှာ တယ်ရီပင် ဖြစ်သည်။

"ဟော"

"မင်းကို ဆယ့်တစ်နာရီမှ ဖွင့်မယ်လို့ ပြောပြီးသားပဲ။ ဟော့ကောင် မင်းကို စကားပြောဖို့ အချိန်မရှိဘူး။ ဆယ့်တစ်နာရီ မထိုးမချင်း မင်းကို ငါ့ဆိုင်ထဲ အဝင်မခံဘူးကွ"ဟု ဆိုင်ရှင်က ဒေါသကြီးစွာ ပြန်ပြောသည်။

ထိုအခါ တယ်ရီက ပြောလိုက်သည်မှာ . . .

"ကျုပ်က ဆိုင်ထဲဝင်ချင်လို့ မဟုတ်ဘူးဗျ။ ခင်ဗျား ဆိုင်ထဲက ထွက်ချင်လို့"





**တရားနာသူ**

တရားဟောဆရာတစ်ယောက်သည် အရက်၏မကောင်းမှုတွေကို တခြားနည်းဖြင့်ဟောကာ အရက်သမားတွေကို တရားချဖို့ ကြိုးစားသည်။ သူသည် သူ၏ဟောပြောချက်ကို ဘာသာရေး ရှုထောင့်မှ မဟောသလို၊ ဆေးပညာရှုထောင့်မှလည်း မဟော။ ငွေရေးကြေးရေး ရှုထောင့်မှ ဟောသည်။

"သင်တို့ နားလည်ကြရဲ့လား။ သင်တို့ ရှာဖွေထားတဲ့ ပိုက်ဆံတွေ ဘယ်သူကို ပေးနေသလဲဆိုတာ သိကြရဲ့လား။ အရက်ဆိုင်ပိုင်ရှင်တွေပေါ့။ သင်တို့ရှာသမျှ အရက်ဆိုင်ပိုင်ရှင်တွေက အိတ်ထဲထည့်နေတာလေ။ သူဌေးဆိုတာ ဘယ်လိုလူတွေလဲ။ ဈေးကြီးပေးဝယ်ရတဲ့ ဇိမ်ခံကားတွေ စီးနေတာ ဘယ်သူတွေလဲ။ မိန်းမတွေကို ဈေးအလွန်ကြီးတဲ့ မင့်ခ် သားမွေးအကျီတွေ ဝယ်ပေးနေတာ ဘယ်သူတွေလဲ။ အဲဒီလူတွေဟာ

အရက်ဆိုင်ပိုင်ရှင်တွေပဲ"

ထိုသို့ဟောကြားပြီး တစ်နှစ်ခန့်ကြာသောအခါ တရားဟောဆရာသည် ထိုမြို့သို့ ပြန်ရောက်လာရာ၊ အဝတ်အစားကောင်းကောင်း ဝတ်စားထားသောလူကြီး လူကောင်းတစ်ယောက်သည် တရားဟောဆရာထံသို့ အမောတကော ပြေးလာပြီးနှုတ်ဆက်သည်။

"ဆရာ .... ဆရာ့ကို ကျွန်တော့်ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ အရင်နှစ်က ဆရာ ဒီကို ရောက်လာတုန်းက ဆရာ့တရားပွဲကို နားထောင်မိလို့ ကျွန်တော့် ဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားရတာပါ။ ကျွန်တော် အရက်ဖြတ်ပြီး ဆရာပေးတဲ့ အကြံအတိုင်း ကျင့်ကြံခဲ့ပါတယ်။ ခုဆို ကျွန်တော်ဟာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာတဲ့ လူချမ်းသာတစ်ယောက် ဖြစ်နေပါပြီ။ အဲဒါဆရာ့ ကျေးဇူးတွေပါပဲ" ဟုဆိုပြီး တရားဟောဆရာကို ကျေးဇူးတင်စကား ဆိုသည်။

"ကျုပ်ဟောတဲ့တရားက သင့်ကို ကယ်တင်ရာရောက်တဲ့အတွက် ဝမ်းသာပါတယ်။ အခု သင်ဘာတွေ လုပ်နေသလဲ"ဟု တရားဟောဆရာက ထိုလူကို ပြန်မေးလေသည်။

ထိုလူက ဂုဏ်ယူဝံ့ကြွားစွာဖြင့် ....

"ဟုတ်ကဲ့၊ အခု ကျွန်တော် အရက်ဆိုင်သုံးဆိုင်ပိုင်နေပါပြီ"





## ဘယ်လောက်လဲ

အရက်မူးသမားတစ်ယောက်သည် အလွန်အကျွံ မူးအောင်သောက်ပြီး လမ်းလျှောက်ပြန်ခဲ့ရာ မဟန်နိုင်တော့သောကြောင့် လမ်းမှာဖြတ်သွားသည့် တက္ကစီတစ်စီးကို လှမ်းတားသည်။

ထို့နောက် ကားနောက်ခန်းတံခါးထဲသို့ ပစ်ဝင်လိုက်ရာ တစ်ဖက်ကတံခါးကို တွန်းဖွင့်လိုက်သလို ဖြစ်သွားပြီး၊ ထိုတံခါးမှတစ်ဖန် အောက်သို့ ပြန်ကျသွားသည်။ ထို့နောက် သူဘာသာ အားယူထရပ်ပြီး ဒရိုင်ဘာကိုပြောသည်။

"ကားခ ဘယ်လောက်ကျလဲဗျ"



### မြင်သားပဲ

အမူးသမားနှစ်ယောက်သည် ကျေးလက်ဘုံဆိုင်တစ်ဆိုင်မှာ မူးအောင်သောက်ပြီး ရွာလမ်းမအတိုင်း ပြန်လာကြသည်။ ခဏကြာလျှောက်မိသောအခါ လမ်းလယ်ကောင်မှာ နွားတစ်ကောင်ရပ်နေသည်ကို သူတို့အထဲမှ တစ်ယောက်ကမြင်သွားပြီး လမ်းဘေးမှကပ်သွား၏။ ကျန်တစ်ယောက်က နွားဆီသို့ တည့်တည့်လျှောက်သွားရာ နွားကိုဝင်တိုက်မိပြီး ပက်လက်လန်လဲကျသွားသည်။

သူ့မိတ်ဆွေက လဲနေသူကိုကြည့်ပြီး ဒေါသတကြီးနှင့် ....

"မင်း တော်တော် သောက်သုံးမကျတဲ့ကောင်၊ နွားတစ်ကောင်လုံးရပ်နေတာ မမြင်ဘူးလားကွ"ဟု ဆိုသည်။

လဲနေသူကလည်း ပြန်ဖြေသည်။

"မြင်သားပဲ၊ ဒါပေမယ့် တကယ့်နွားဖြစ်နေမယ်လို့တော့ မစဉ်းစားမိဘူးပေါ့ကွာ"





### မငေးနဲ့

သူသည် ကားမမောင်းနိုင်လောက်အောင်ပင် မူးနေသောကြောင့် သူ့သူငယ်ချင်းက တက္ကစီတစ်စီးတားပြီး တင်ပေးလိုက်ရ၏။ သူနေသည့်လမ်းသို့ရောက်သောအခါ တက္ကစီဒရိုင်ဘာက သူ့ကိုမေးသည်။

"ခင်ဗျားရဲ့ အိမ်နံပါတ်က ဘယ်လောက်လဲ"

"ဟေ့လူ၊ ကလေးကလား မေးခွန်းတွေ လာမမေးစမ်းနဲ့။ ကျုပ်အိမ်နံပါတ်က ကျုပ်အိမ်တံခါးမှာ ကပ်ထားတာပဲ" ဟု သူက ပြန်ဖြေလိုက်လေသည်။



## ပြောလိုက်မယ်

လူတစ်ယောက်သည် ဘားကောင်တာမှာ အေးဆေးစွာ ထိုင်သောက်ရင်း၊ အေးဆေးစွာ အမူးလွန်ကာ ထိုင်ခုံပေါ်မှ အသာအယာလျှောကျသွားပြီး ကြမ်းပြင်ပေါ်မှာ ပုံလျက်သား လဲကျသွား၏။ ထိုအခါ ကူညီတတ်သော ဘားစာရေးက သူ့ကို မေးသည်။

"လူကြီးမင်းရဲ့နာမည် ဘယ်လိုခေါ်ပါသလဲခင်ဗျာ။ ကျွန်တော် လူကြီးမင်းရဲ့ဇနီးကို အကြောင်းကြားပေးပါ့မယ်"

"ကျေးဇူးပဲကွာ၊ ဒါပေမယ့် ငါ့မိန်းမက ငါ့နာမည်ကို သိပါတယ်"





## အကြောင်းအရင်း

"ဘဲလ်ဖတ်စ်ကောင်စီကတော့ ပျက်စီးနေပါပြီကွာ" ဟု အရက်သောက်တာ အရှိန်ရနေပြီဖြစ်သော ဂျင်မီကတယ်ရီကို ပြောသည်။


"ဟုတ်ရဲ့လားကွာ" ဟု တယ်ရီက မေး၏။

"သိပ်ဟုတ်၊ မင်း ဘဲလ်ဖတ်စ် သချိုင်းကို တွေ့တယ်မဟုတ်လား။ အေး .... သူတို့က ငါ့ရဲ့ယောက္ခမကို အဲဒီသချိုင်းမှာမြှုပ်မယ်လို့ ငါကပြောတာ ခွင့်မပြုဘူး ငါ့ကောင်ရေ" ဟု ဂျင်မီက စိတ်တိုစွာပြောသည်။

"ဘာလို့ ခွင့်မပြုရမှာလဲကွ"

ဂျင်မီက ပြန်ပြောလိုက်သည်မှာ ...။

"ငါ့ယောက္ခမက မသေသေးလို့တဲ့"



**အငယ်အယူ**

မာရီယာ ။ ။ "ညတိုင်း မူးနေတဲ့ယောက်ျား တစ်ယောက်ကို ကျွန်မကတော့ ကရုဏာကို မရှိဘူး"

ဂျွန်ဝင်း ။ ။ "ညတိုင်း မူးအောင်သောက်တဲ့ ယောက်ျား တစ်ယောက်ကလည်း မိန်းမ တစ်ယောက်ရဲ့ ကရုဏာ မလိုပါဘူးကွာ"





**ဒါများအချစ်ရယ်**

ဇနီး ။ ။ "ရှင် ဒီအချိန်ကျမှ အိမ်ပြန်လာတာ ဘာ သဘောလဲ"

ခင်ပွန်း ။ ။ "ဒါများ အချစ်ရယ်၊ ကိုယ်က အိမ်မှာ မင်း တစ်ယောက်တည်း ပျင်းနေမှာပဲထင်လို့ ပြန်လာ ခဲ့တာပါ။ ဒါပေမယ့် မင်းက မင်းရဲ့ အမြွာ ညီအစ်မနဲ့ အတူရှိနေတာကိုး"



**အချစ်ကြီးသူ**

ဟာရီသည် ဇနီးသည်ဆုံးသည့်အချိန်မှစ၍ မြို့လယ်ကောင်က ဘုံဆိုင်သို့သွားကာ ဝီစကီနှစ်ခွက်မှာပြီး သောက်သည့်အကျင့်ကို ရလာသည်။ သူတစ်ယောက်တည်းဖြစ်ပြီး ဘာ့ကြောင့် ခွက်နှစ်ခွက်နဲ့ သောက်တာလဲဟု မေးတော့ သူ့မိန်းမနှင့်အတူ သောက်ခဲ့သည့် အချိန်များကို လွမ်းဆွတ်သည့် အထိမ်းအမှတ်အဖြစ်သောက်တာဟု သူက ရှင်းပြသည်။ အတိတ်ကို လွမ်းဆွတ်သည့်အနေဖြင့် သူညတိုင်း နှစ်ခွက်မှာသောက်နေခဲ့သည်။



ထိုကဲ့သို့ သူသောက်နေခဲ့သည်မှာ တစ်နှစ်ပင် ကျော်ခဲ့ပြီ။

သို့ရာတွင် တစ်နေ့မှာတော့ ဟာရီသည် ဆိုင်ထဲသို့ ဝင်လာပြီး ထူးထူးခြားခြား ဝီစကီတစ်ခွက်ပဲ မှာသောက်သည်။

"ဘာလို့ ဒီနေ့မှ တစ်ခွက်တည်း မှာတာလဲ" ဟု ဘားစာရေးက ဟာရီကို မေးသည်။

"အင်း .... ခုအချိန်ထိ ငါ့မိန်းမသာရှိနေမယ် ဆိုရင် အရက်ဖြတ်ပြီး အိမ်သုံးစရိတ်အတွက် စုနေလောက်ပြီလေ" ဟု ဟာရီက ဖြေသည်။



**လမ်းကောက်စရာမရှိပါဘူး**

အလွန်အကျံမူးနေသည့် အရက်မူးသမား တစ်ယောက်ကို ရဲက တွဲပြီး ခေါ်လာခဲ့သည်။

"ဆရာ၊ ကျွန်တော် ဘယ်ကို ရောက်နေပြီလဲ" ဟု အမူးသမားက ရဲကို မေးသည်။

"ကင်းလမ်းနဲ့ အောက်စဖို့ဒ်လမ်းထောင့်ကို ရောက်နေတာလေ"ဟု ရဲကပြန်ဖြေသည်။

ထိုအခါ အမူးသမားက ထပ်မေးလိုက်သည်မှာ

"လမ်းတွေက အရေးမကြီးဘူးဆရာ၊ ဘယ်မြို့ကို ရောက်နေတာလဲလို့ မေးတာ"





**သော့ပျောက်သူ**

အမူးသမားတစ်ယောက်သည် ယိုင်ထိုးယိုင်ထိုးဖြင့် သူ့အိမ်ရှေ့သို့ ရောက်သွားသည်။ အိမ်ရှေ့တံခါးနားရောက်မှ သူ့အိတ်ကပ်ထဲ စမ်းပြီးသော့ရှာ၏။ သူ့တစ်ကိုယ်လုံးမှာရှိသည့် အိတ်ကပ်တွေထဲ ရှာကြည့်သော်လည်း သော့ကိုမတွေ့။ နောက်ဆုံး သူ့ဘောင်းဘီဘေးအိတ်ကပ်ထဲစမ်းမှ အိတ်ကပ်ပေါက်နေတာကို စမ်းမိသွားသည်။

ရုတ်တရက် ထိုအမူးသမားရေရွတ်လိုက်သည်မှာ ....

"ဆီးချိုသီးတွေ၊ ဆီးချိုသီးတွေရော။ ငါ ဘယ်တုန်းက ဆီးချိုသီးတွေ ဝယ်ခဲ့ပါလိမ့်"



## ပြိုင်ပွဲ

ရဲတစ်ယောက်သည် လမ်းမအတိုင်းပြေးလာသော လူငယ်လေးတစ်ယောက်ကို လှမ်းတားလိုက်သည်။ ထို့နောက် ပြန်လွှတ်ပေးလိုက်၏။ ဘိုဆိုင်ပိုင်ရှင်က ရဲထံ အမောတကောဖြင့် ပြေးလာပြီး အပြစ်တင်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ဟိုကောင်လေးကို မတားထားတာလဲ"

"ဟ .... ပေါက်ဖော်က ဘာလဲ။ ကောင်လေးက ကျုပ်ကိုပြောတယ်။ သူက အရက်တစ်ခွက်ဖိုးအတွက် ပေါက်ဖော်နဲ့ အပြေးပြိုင်နေတာပါတဲ့"

"အင်း .... ဟုတ်တယ်။ ခွေးမသားလေး၊ သူ သောက်တဲ့အရက်ဖိုး ပေးမသွားဘူး။"





## အချိန် မရှိဘူး

ကက်ပတိန် အိုသိမ်းနှင့်တပ်ဖွဲ့သည် နေကျဲကျဲတောက် ပူလောင်လှသောနေ့တစ်နေ့တွင် ရန်သူတစ်ဖွဲ့၏ ဝိုင်းရံထားခြင်း ခံနေရသည်။ ရန်သူများကို မထိုးဖောက်နိုင်ဘဲ ရက်အတန်ကြာသည်အထိ ခုခံပစ်ခတ်နေရာ လက်နက်နှင့် စားရေရိက္ခာ ပြတ်တောက်စပြုလာသည်။ ထိုအခါ ကက်ပတိန် အိုသိမ်းက ရေဒီယို ကြေးနန်းရိုက်သည်။

"ခဲယမ်းရိက္ခာ ပြတ်တောက်၊ စားစရာမရှိ ဝီစကီမရှိ"

ပင်မ ဆက်သွယ်ရေး ရေဒီယိုဌာနက သတင်းပြန်ပို့သည်။

"ရေ မလိုဘူးလား"

"ရေ မလိုဘူး၊ ဒီအချိန်မှာ အဝတ်လျှော်ဖို့ အချိန်မရှိဘူးကွ"



**အိုးမလုံအုံပွင့်**

ဘုံဆိုင်ကို လာသောက်နေကျဖောက်သည် တစ်ယောက်သည် ဆိုင်အပြင်သို့ ထွက်မသွားခင် အရက်ကောင်တာပေါ်မှာ ၅ ပေါင် တင်ပေးခဲ့သည်။ ဘားစာရေးက ထိုလူတင်ပေးသွားသည့် ငွေကို အိတ်ကပ်ထဲအသာထည့်ပြီး တစ်ဖက်လှည့်ကြည့်လိုက်ရာ၊ သူ့ကို စူးစမ်းသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည့် မန်နေဂျာကို တွေ့လိုက်ရသည်။

ထိုအခါ ဘားစာရေးက ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ဆရာ ယုံမလားတော့ မသိဘူး၊ သူက ကျွန်တော့်ကို မုန့်ဖိုးနှစ်ပေါင်ပေးခဲ့တယ်။ သူသောက်သွားတဲ့ အရက်ဖိုးတော့ မပေးခဲ့ဘူးဗျ"





**ကွာခြားမှု**

လူနှစ်ယောက်သည် ဘားဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး ဘီယာ သောက်နေကြသည်။

တစ်ယောက်က သူသောက်နေသည့် ဖန်ခွက်ကို မြှောက်ပြီး သူ့အဖော်ကို ပြောလိုက်သည်။

"ရေတစ်ခွက်နဲ့ ဘီယာတစ်ခွက်မှာ ဘာတွေ ကွာခြားလဲကွ။ မင်း စဉ်းစားကြည့်စမ်း"

အဖော်ဖြစ်သူက တွေးတွေးဆဆဖြင့် ပြန်ဖြေသည်။

"တစ်ပေါင်နဲ့ ဆယ်ပဲနီ ကွာတယ်"



### အတူတူပါပဲ

အရက်မူးသမားနှစ်ယောက်သည် သင်္ဘောဆိပ်ခံတံတားပေါ် ယိုင်ထိုးယိုင်ထိုးဖြင့် လျှောက်လာကြရာ တစ်ယောက်မှာ ခြေချော်ပြီး ပင်လယ်ထဲသို့ ကျသွားသည်။

ပင်လယ်ထဲ ကျသွားသူက ရေထဲက လှမ်းအော်သည်။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး၊ ကျုပ် ရေမကူးတတ်ဘူးဗျ၊ ကျုပ် ရေမကူးတတ်ဘူး"

"ဟ .... ဘာလဲကွ၊ ငါလည်း ရေမကူးတတ်ဘူး၊ ဒါပေမယ့် မင်းလိုတော့ အော်မနေဘူးကွ"ဟု တံတားပေါ်မှာ ကျန်ခဲ့သူက ပြန်ပြောသည်။





### သူတို့အဆို

သင်အရက်သောက်လျှင် တစ်ယောက်တည်း ဘယ်တော့မှ မသောက်ပါနှင့်၊ အဖော်တစ်ယောက်နှင့် သောက်ပါ။ သို့မှသာ သင့်ကို လိုက်ပို့မည့်သူ အမြဲအဆင်သင့် ရှိနေမည်ဖြစ်သည်။



**သေချာပါတယ်**

ခရီးသည် ။ ။ "ကျုပ်အရက်သောက်ဖို့ အချိန် နည်းနည်း ရမလား"

ဒရိုင်ဘာ ။ ။ "ရပါတယ် ဆရာ"

ခရီးသည် ။ ။ "ကျုပ်မပါဘဲ ခင်ဗျားကား ထွက်မသွားဘူး ဆိုတာ သေချာလို့လား"

ဒရိုင်ဘာ ။ ။ "သိပ်သေချာပါတယ် ဆရာ၊ ကျွန်တော် ဆရာနဲ့ လိုက်ခဲ့မှာပါ"






**အမှတ်မမှားပါနဲ့**

လုပ်ငန်းရှင် တစ်ယောက်သည် လော့စ်အိန်ဂျလိစ်သို့ ပထမဆုံး အကြိမ်အနေဖြင့် လုပ်ငန်းရှင်များစည်းခံသည့်ပွဲသို့ တက်ရောက်လာ၏။ သူ့ကို ပါတီပွဲကျင်းပသူ အိမ်ရှင်က ပြည်တွင်းဖြစ် ဝိုင်တစ်ခွက်တိုက်သည်။ သူ ဝိုင်တစ်ခွက်ကိုသောက်ပြီးစပင် ရှိသေးသည်။ သူ့ပတ်ဝန်းကျင်ရှိ အိမ်ထောင်ပရိဘောဂများနှင့် နံရံများ တုန်ခါသွားသည်ကို မြင်လိုက်ရသည်။

ထိုအခါ သူက အိမ်ရှင်ကို ပြောလိုက်သည်။

"ဒီအရက်က တော်တော်ကို ပြင်းတဲ့အရက်ပဲ"

"အရက်က သိပ်မပြင်းပါဘူးခင်ဗျာ၊ ငလျင်လှုပ်တာ ဖြစ်ပါလိမ့်မယ်"ဟု အိမ်ရှင်ကဖြေသည်။



## စာကပ်ထားသည်

လမ်းပေါ်မှာ လူတစ်ယောက် သတိလစ်နေတာကို တွေ့ရသော လမ်းသွားလမ်းလာ တချို့က သူ့ကို ဆေးရုံပေါ်တင်ပေးလိုက်သည်။ ဆေးရုံရောက်သောအခါ သူနာပြုဆရာမများသည် သတိလစ်နေသူ၏ ရင်ဘတ်မှာ တိပ်နှင့် စာကပ်ထားသည်ကို တွေ့လိုက်ကြရ၏။ စာမှာ ....

"ချစ်စွာသော ဒေါက်တာ၊ ကျွန်တော် အရက်မူးတာ သက်သက်ပါပဲ၊ ကျွန်တော်ကောင်းကောင်း၊ အိပ်ပျော်ပြီး နိုးလာရင် ပုံမှန်ပြန်ဖြစ်သွားမှာပါ။ ဟိုနှစ်ခါ ဆေးရုံ ရောက်လာတုန်းကလို ကျွန်တော့်ရဲ့ အူအတက်ကို မခွဲတော့ပါနဲ့"





## မင်္ဂလာနံနက်ခင်းပါ ဖီတာ

ဘုန်းတော်ကြီးတစ်ပါးသည် လမ်းပေါ်မှာတွေ့သည့် လူတစ်ယောက်ကိုနှုတ်ဆက်ပြီး ကြင်နာစွာ မြွက်ဆို၏။

"မင်္ဂလာ နံနက်ခင်းပါ ဖီတာ။ မင်းကို မနေ့ညက မမွှေးလေ့ကျင့်တဲ့နေရာမှာ တွေ့လိုက်ရတဲ့အတွက် ငါ အလွန် ဝမ်းသာမိပါတယ်"

ထိုအခါ ဖီတာက သူ့ခေါင်းကို လက်နှစ်ဖက်နှင့် ကိုင်ပြီးရေရွတ်သည်။

"အို .... တပည့်တော် မနေ့က အဲဒီနေရာ ရောက်နေတာလား"



**အချိန်တန်ပြီ**

ရဲတစ်ယောက်က အမူးသမားတစ်ယောက်ကိုတားပြီး ဘယ်သွားမှာလဲဟု မေးသည်။

"ကျွန်တော် နှစ်သစ်ကူးကနေ ပြန်လာတာ၊ အိမ်ပြန်မလို့"

"ခင်ဗျား နောက်နေတာလား၊ နှစ်သစ်ကူးပြီးတာ သုံးပတ်တောင်ရှိသွားပြီ"ဟု ရဲက ဒေါသပွပွနှင့် မေးသည်။

အရက်သမားကလည်း ပြန်ဖြေသည်။

"ကျွန်တော်သိပါတယ် ဆရာ၊ ဒါကြောင့် ကျွန်တော် အိမ်ပြန်သင့်ပြီလို့ ထင်နေတာပါ။





**သူတို့အဆို**

သင် ငါးတစ်ကောင်လို အရက်သောက်မည် ဆိုလျှင် ရေကူးပါ။

ကားမမောင်းပါနှင့်။



**ဆင်ခြေ အပေးကောင်းသူ**

သူသည်အရက်မူးပြီး အိမ်ပြန်ရောက်လာသောအခါ သူမူးနေတာ သူ့မိန်းမ မသိအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲဟု အကြံထုတ်နေသည်။ သူအိမ်ထဲရောက်လျှင် အခန်းထဲမှာ ထိုင်ပြီး စာအုပ်ပဲဖတ်နေတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ သူသာ စာအုပ်ဖတ်နေလျှင် သူ့မိန်းမက သူမူးနေတာ လုံးဝမရိပ်မိပေ။

သူ အိမ်ထဲ ရောက်သောအခါ ဧည့်ခန်းထဲ ဝင်ထိုင်ပြီး စာအုပ်ဖတ်နေလိုက်၏။



ခဏကြာသောအခါ သူ့မိန်းမ ဒေါသတကြီးနှင့် ဧည့်ခန်းထဲ ဝင်လာသည်။

"ရှင့်ကိုယ့်ရှင် ဘာလုပ်နေတာလဲဆိုတာ သိရဲ့လား"

"စာဖတ်နေတာပါကွ၊ စာဖတ်နေတာပါ"

"ရှင် လူမှန်းမသိအောင် မူးနေပြီ။ ကဲ .... အခု အဲဒီ ရှင်ဖတ်နေတဲ့ လက်ဆွဲသေတ္တာကြီးကိုပိတ်ပြီး သွားအိပ်တော့"



### မနာပါဘူး


အရက်သမားတစ်ယောက် ပြတင်းပေါက်မှ ပြုတ်ကျသွားသည်။ သူ့ကို ပထမဆုံး လာကြည့်တာက သူ့သူငယ်ချင်းတစ်ယောက် ဖြစ်သည်။

"ဟေ့ကောင် မင်းပြုတ်ကျတာ တော်တော် နာသွားလား" ဟု သူငယ်ချင်းဖြစ်သူက မေးသည်။

သူက ပြန်ဖြေသည်။

"ပြုတ်ကျတာက နည်းနည်းမှ မနာပါဘူးကွ။ ဒါပေမယ့် မြေကြီးနဲ့ တိုက်မိတာကတော့ တော်တော် အီသွားတယ်"





### မြူသာဒါးနေ့

အမူးသမားတစ်ယောက်သည် လမ်းသွားလမ်းလာ တစ်ယောက်ကို ဘယ်နှနာရီထိုးပြီလဲဟု မေး၏။ ထိုလူက နာရီကိုကြည့်ပြီး အချိန်ကိုပြော၏။

ထိုအခါ အမူးသမားက ခေါင်းတယမ်းယမ်းနှင့် စိတ်ညစ်စွာ တီးတိုးရေရွတ်သည်။

"ငါတော့ ဒီနေ့မဟုတ်တော့ဘူး။ တစ်ညလုံး ဘယ်သူ့မေးမေး တစ်ယောက်တစ်မျိုးစီပဲ ဖြေနေကြတယ်"



### သူ့အစီမှာယ်နှင့်သူ

အမူးသမား အိမ်ပြန်လာသောအခါ သူ့နဖူးပေါ်မှာ သွားရာကြီး ပါလာသဖြင့် မိန်းမဖြစ်သူက စိတ်ဆိုးမာန်ဆိုးနှင့် မေးခွန်းတွေ ထုတ်တော့သည်။

"ဒီသွားရာက ဘယ်ကောင်မ ကိုက်လိုက်တာ လဲ"

"ငါ့ဘာသာငါ ပြန်ကိုက်မိတာပါကွာ" ဟု အမူး သမားက ဇဝေဇဝါဖြင့် ပြန်ဖြေသည်။

"ရှင့်နဖူး ရှင်ဘယ်လို ပြန်ကိုက်လို့ရမှာလဲ သေနာရဲ့"

ထိုအခါ အရက်သမားက ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြန် ဖြေလိုက်သည်။

"ဟောသလို ခုန်ပြီး ကိုက်တာပေါ့"





### သိသားပဲ

အမူးသမား တစ်ယောက်သည် သန်းခေါင်ကျော် ပွဲတစ်ပွဲ ကြည့်ရန် ရုပ်ရှင်ရုံထဲသို့ ဝင်လာသည်။ လက်မှတ်ရောင်းသည့် ကောင်မလေးက သူ့ကို လက်မှတ်တစ်စောင်ရောင်းပေးလိုက် သည်။ အမူးသမားက ရုပ်ရှင်ပြခန်းသို့ ဝင်သွားသည်။ သူဝင် သွားပြီး ခဏကြာသောအခါ ပြန်ထွက်လာပြီး လက်မှတ်နောက် တစ်စောင် ထပ်ဝယ်ပြန်၏။ လက်မှတ်ရောင်းကောင်မလေးက တအံ့တဩဖြင့် လက်မှတ်ရောင်းလိုက်သည်။ သို့ရာတွင်

တတိယ အကြိမ်မြောက် ထိုလူပြန်ထွက်လာသောအခါ မနေနိုင်တော့၍ စာရေးမက မေးလိုက်သည်။

"ရှင် အခုဝယ်တဲ့ လက်မှတ်ပါဆို သုံးစောင်ရှိသွားပြီ သိရဲ့လား"

ထိုအခါ အမူးသမားက အေးအေးဆေးဆေးပင် ပြန်ဖြေသည်။

"ကျုပ်သိပ်သိတာပေါ့။ ဒါပေမယ့် ကျုပ်အတွင်းထဲကို ဝင်သွားလိုက်တိုင်း ဗလကောင်းကောင်း နဲ့တစ်ယောက်က ကျုပ်လက်မှတ်ကို ဆွဲယူပြီး ဖြဲဖြဲပစ်လို့ ထပ်ဝယ်လာတာ"





**အစားထိုးလို့ မရနိုင်တာ**


မီးသတ်အရာရှိသည် ဆရာဝန်၏ညွှန်ကြားမှုကြောင့် တော်တော်စိတ်ညစ်သွားသည်။ သူသောက်နေကျ ဝီစကီကို ဆက်မသောက်ပါနှင့်တဲ့။

ဆရာဝန်က သူ့ကို ကူညီလိုစိတ်အပြည့်နှင့် ပြောသည်။

"ခင်ဗျား ဝီစကီသောက်မယ့်အစား တစ်ခုခုနဲ့ အစားထိုးကြည့်ပေါ့ဗျာ။ ပန်းသီးစားပြီး ဝီစကီသောက်နေသလိုပဲ ခံစားပေါ့"

မီးသတ်အရာရှိသည် ထိုဆရာဝန်ပြောမှ စိတ်ညစ်သွားကာ ဆရာဝန်ကို ပြန်ပြောလိုက်သည်။

"တစ်နေ့ ပန်းသီး အလုံးခြောက်ဆယ်သာ စားရရင်တော့ သောက်ကျိုးနည်းပြီ ဆရာရယ်။ ကျွန်တော့် အစာအိမ်က ဘယ်လိုလုပ် အစာကြေအောင် လုပ်နိုင်တော့မှာလဲ"



**ဘယ်ကိုရောက်နေလဲ**

အမူးသမားနှစ်ယောက် တံတားတစ်ခုပေါ်မှာ လေညင်း ခံရင်း ရေထဲက 'လ'၏ အရိပ်ကို ကြည့်နေကြလေသည်။

ပထမလူ ။ ။ "ဟေ့ ဟိုအောက်က ဘာလဲကွ"

ဒုတိယလူ။ ။ "အဲဒါ 'လ' ပေါ့ကွ"

ပထမလူ ။ ။ "ဟဲ့ကောင် ဒါဆို 'လ'က အောက်မှာ ဆိုတော့ ပြဿနာပဲ။ ငါတို့က ဘယ်ကို ရောက်နေတာလဲ"





**ဘယ်သူပဲဖြစ်ဖြစ်**

အမူးသမား။ ။ "ဟေ့ ကျုပ်ကို တက္ကစီခေါ်ပေးစမ်း"

အရာရှိ ။ ။ "အလို မောင်မင်းကြီးသား။ ကျုပ်က တံခါးစောင့် မဟုတ်ဘူးလေ။ ရေကြောင်းအရာရှိကွ"

အမူးသမား။ ။ "ကောင်းပြီ၊ ခင်ဗျားက ရေကြောင်းအရာရှိ၊ ကျုပ်ကို လှေတစ်စင်းခေါ်ပေး၊ ကျုပ်အိမ်ပြန်ချင်လို့ပြီဗျ"



**သူများ**

သူသည် အိမ်ရှေ့တံခါးသော့ကို ဖွင့်ဖို့ကြိုးစားနေသည်။ သော့တံကို သေသေချာချာ ထိုးထည့်သည်။ တံခါးကမပွင့်။ ခဏကြာတော့ လူတစ်ယောက် ပြတင်းပေါက်က ခေါင်းထွက်ကြည့်ပြီး ပြောသည်။

"ဟော့ .... အရူး သွားသွား၊ မင်း အိမ်မှားဝင်ဖို့ အကြံထုတ်နေတာ မဟုတ်လား"

ထိုအခါ အမူးသမားက ပြန်အော်သည်။

"မင်းသာ အရူးကွ။ မင်းပြတင်းပေါက်မှားပြီး ထွက်ကြည့်နေတာ"





**မဟုတ်ဘူး**

"ကဲ .... ငါ့တပည့်၊ ဒီလူဟာ လမ်းလယ်ကောင်မှာ လေးဖက်ထောက်နေရုံနဲ့ သူမူးတယ်လို့ တို့အနေနဲ့ သက်သေပြလို့ မရဘူးကွ" ဟု စုံထောက်က သူ့တပည့်ရဲကို ပြောလေသည်။

"မဟုတ်ဘူး ဆရာ၊ အဲဒီလို မဟုတ်ဘူး။ ဒီလူက သူ့ကိုယ်သူ မီးသတ်သမားထင်ပြီး လမ်းလယ် ကောင်က မျဉ်းအဖြူကို မီးသတ်ပိုက်ထင်လို့ လိပ်ဖို့ ကြိုးစားနေလို့ပါ"



**သိချင်လို့**

နာမည်ကျော် တရားဟောဆရာတစ်ယောက်၏ တရားပွဲတွင် လာရောက်နားထောင်သည့် ပရိသတ်မှာ များပြားလွန်းလှသည်။ တရားဟောဆရာက ....

"ကောင်းကင်ဘုံကနေ လျှပ်စီးတွေလက်မယ်။ အဲဒီအခါ ကောင်းကင်ဘုံကြီး နှစ်ခြမ်းကွဲကာ ကမ္ဘာမြေကြီးပေါ် မီးတောက်မီးလျှံတွေ ပြုတ်ကျလာပြီး တစ်ကမ္ဘာလုံး ချော်ရည်ပူတွေ လွှမ်းသွားလိမ့်မယ်။ ဒီတော့ မကောင်းတဲ့အရက်ကို သောက်နေတဲ့ မင်းတို့ တစ်တွေ ဆက်သောက် နေဦးမယ်ဆိုရင် စီရင်ချက်နေ့မှာ မင်းတို့တစ်တွေ မီးသင့်မယ်"



ပရိသတ်ထဲမှ ခပ်သေးသေးလူ တစ်ယောက်က လက်ထောင်၏။

တရားဟောဆရာက"ပြော"ဟု ခံ့ညားသော လေသံဖြင့်ပြောသည်။

ထိုအခါ ခပ်သေးသေးလူက ....

"ကျွန်တော် မေးပါရစေခင်ဗျာ။ အဲဒီနေ့က အရက်ဆိုင်မပိတ်ခင် ဖြစ်မှာလား။ အရက်ဆိုင် ပိတ်ပြီးမှဖြစ်မှာလား"



## လက်ဖြောင့်မှုဆိုး

ငှက်ပစ်မုဆိုး နှစ်ယောက်သည် နံနက်ခင်းစောစောမှာ ငှက်ပစ်ဖို့ ထွက်လာကြ၏။ တစ်ယောက်က ကော်ဖီအိုးကိုယူလာသည်။ ကျန်တစ်ယောက်က ဝီစကီပုလင်းကို ယူလာသည်။

သူတို့နှစ်ယောက်စလုံး တစ်မနက်လုံးထိုင်စောင့်နေရာ ငှက်တစ်ကောင်တလေမှ မတွေ့ရသောကြောင့် ကိုယ်စီယူဆောင်လာသော ကော်ဖီနှင့်အရက်ကို ကိုယ့်ခွဲတမ်းနှင့်ကိုယ် သောက်နေကြသည်။

ထိုစဉ်မှာပဲ ရေဘဲတစ်ကောင်သည် ကောင်းကင်ပေါ်မှာပျံဝဲလာသည်။ ကော်ဖီသောက်နေသူက ထို တစ်ကောင်တည်းသော ငှက်ကို သေနတ်နှင့်ပစ်ရာ မထိဘဲ လွဲသွားသည်။



ဝီစကီသောက်နေသူက ထိုဘဲကို ပစ်ချလိုက်ရာ၊ ရေဘဲသည် ကျောက်တုံးပမာ ကောင်းကင်ပေါ်မှ ပြုတ်ကျလာ၏။

"ဟေ့ကောင်၊ မင်းပစ်တာ တော်တော်တည့်တာပဲ။ ဘယ်လိုများ ပစ်လိုက်တာလဲကွ"ဟု ကော်ဖီသောက် သူက ဝီစကီသောက်သူကို မေးသည်။

ဝီစကီသောက်သူက အာလေးလျှာလေးဖြင့် ပြန်ဖြေသည်။

"လွယ်လွယ်လေးပါကွာ။ ငါ ပစ်လိုက်တာက ဘဲအုပ်ရဲ့ အလယ်တည့်တည့်ကိုချိန်ပြီး ပစ်လိုက်လို့ပါ"



**ယခင်နှင့် ယခု**

"ဟေ့ကောင်၊ မင်း တွမ်ကို ကြည့်လိုက်စမ်း။ အိမ်ထောင်ကျသွားပေမယ့် တစ်စက်ကလေးမှ မပြောင်းလဲဘူး။ အရင်တုန်းကလို သောက်နိုင်တုန်းပဲ"

"ဟုတ်တယ်၊ အရင်တုန်းက ပျော်ပါးဖို့သောက်တာ။ အခုတော့ စိတ်ညစ်လို့သောက်နေတာကွ"





**ဆေး**

အရက်ကို ရာသီမရွေးသောက်သည့် လူက သူ့မိတ်ဆွေများ ကို သူ ဘရန်ဒီသောက်ရသည့် အကြောင်းရင်းကို ရှင်းပြနေသည်။

"ငါက ခါးနာတော့ သက်သာအောင်လို့ ဘရန်ဒီကို စွဲစွဲမြဲမြဲ သောက်နေရတာကွ"

ထိုအခါ သူ့မိတ်ဆွေ ဆရာဝန်ပေါက်စက ....

"အိုကွာ .... ဒါလေးများ။ မင်းကို ခါးနာပျောက်ဆေး ငါ ပေးစမ်းပါ့မယ်" ဟု ဆိုသည်။

ထိုအခါ ဘရန်ဒီသောက်သူက ....

"တော်စမ်း၊ မင်းပါးစပ်ပိတ်ထား။ နောက်ထပ်ဒီစကား ငါမကြားချင်ဘူး" ဟု ဆိုလိုက်လေသည်။



**ရှင်ကဟုတ်ပါတယ်**

"အိုကွာ .... အချစ်ရယ်၊ သိပ်ပြီး မြည်တွန်တောက်တီးမနေပါနဲ့တော့"ဟု အရက်သမားက သူ့မိန်းမကို လေချိုသွေးပြီး "မနေ့ညက ကိုယ့်အိမ်ကို ပြန်လာတော့ အသံမထွက်အောင်နေတာပဲ"ဟု ဆိုသည်။

ထိုအခါမှ သူ့မိန်းမက သူ့ကိုအော်တော့သည်။

"ဟုတ်ပါတယ်၊ ရှင်ကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ရှင့်ကိုတွဲပို့တဲ့ လူနှစ်ယောက်က အပေါ်ထပ်မှာ ဝုန်းဒိုင်းကြဲနေကြတာကိုး"





**မမူးသေးသူ**

ဘားစာရေးက သူ့ဖောက်သည်ကို ပြောနေသည်။

"ဆရာ .... ဆရာ သောက်လို့ဝပြီ မဟုတ်လား"

"ဟေ့ကောင်၊ ငါသောက်တာ နည်းနည်းလေးပဲရှိသေးတယ်ကွ"

"ဆရာ .... ဆရာ လူမှန်းမသိအောင် မူးနေပြီ"

"ဟေ့ကောင်၊ ငါလူမှန်းမသိအောင်တော့ မူးပါဘူးကွာ။ ကဲ .... မင်းကို ငါပြောပြမယ်။ ငါကောင်းကောင်းမြင်ရပါသေးတယ်ကွ။ ဟိုမှာ မျက်လုံးတစ်လုံးတည်းရှိတဲ့ ကြောင်တစ်ကောင် ဘားထဲ ဝင်လာပြီ တွေ့လား"

"ဆရာ .... အဲဒီကြောင်မှာ မျက်လုံးနှစ်လုံးပါတယ်ဗျ။ ဘားထဲဝင်လာတာ မဟုတ်ဘူး။ ထွက်သွားတာပါဆရာ"



### အမြင်နှင့်အထင်

လင်းနှင့် ပက်ဒီတို့နှစ်ယောက် လမ်းမှာတွေ့ကြ၏။ ဂျင်းနှစ်ဘီယာတစ်လုံးနှင့် ဝီစကီနှစ်လုံး ဆွဲလာသည့် ပက်ဒီကို ကြည့်ပြီး လင်းကမေးလိုက်သည်။

"ပါတီပွဲ သွားမလို့လား"

"ဟင့်အင်း .... အိမ်ပြောင်းမလို့"ဟု ပက်ဒီက ပြန်ဖြေလေသည်။





### လက်ဆောင်

ငယ်ရွယ်သူ လင်မယားနှစ်ယောက် အားလပ်ရက် ခရီးထွက်ရာမှ ပြန်လာသောအခါ၊ သူတို့အိမ်တံခါးဝမှာ စာတစ်စောင်တွေ့သောကြောင့် ပျော်သွားကြသည်။ ထိုစာမှာ သူတို့သူငယ်ချင်းတွေ ရေးထားသောစာဖြစ်ပြီး၊ သူတို့အတွက် လက်ဆောင်ကို နွားနို့တင်သည့် အပြင်ဘက်ကစင်ပေါ်မှာ ထားခဲ့သည်ဟု ရေးထားသည်။

သူတို့နှစ်ယောက်သည် သိလိုဇောဖြင့် နွားနို့တင်သည့် စင်ပေါ်ကို သွားကြည့်သောအခါ .... နောက်ထပ်စာတစ်စောင်ကို တွေ့ရသည်။ ထိုစာကတော့ နွားနို့ပို့သမား၏ စာဖြစ်သည်။

ထိုစာထဲမှာတော့ သူ့ကို စကော့ချ်ဝီစကီတစ်လုံး ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းရေးသားထားလေသည်။



## သောက်တယ်ဆိုတာ

ဇနီးဖြစ်သူသည် သူ့ယောက်ျား ညတိုင်းအပြင်ထွက် အရက်သောက်ပြီး အပျော်ရှာနေသည်ဟု ယောက်ျားဖြစ်သူကို မြည်တွန်နေသည်။ ဒီလိုနှင့် တစ်ညနေခင်းတွင် ယောက်ျားက သူ့မိန်းမကိုပါ အရက်ဆိုင်သို့ခေါ်သွားသည်။

"မင်းဘာသောက်မလဲ"ဟု သူက မိန်းမကိုမေးသည်။

"ရှင်သောက်တာ သောက်မယ်"


ထိုအခါ ယောက်ျားဖြစ်သူက အပြင်းဆုံးအရက်နှစ်ပက်မှာပြီး သူ့အရက်ခွက်ကို အချိန်အကြာကြီး ဆွဲသောက်



သည်။ သူ့မိန်းမက သူသောက်တာကို ကြည့်ပြီး တစ်ငုံငုံလိုက်ရာ မသောက်နိုင်ဘဲ ချက်ချင်းထွေးထုတ်ပစ်သည်။

"ရှင် ဘာကြောင့် ဒီဟာတွေကို သောက်နေရ တာလဲ၊ အရသာက ဆိုးလိုက်တာ"

"ကဲ .... အခု မင်းသိပြီမဟုတ်လား။ ငါက အရက်သောက်ပြီး ပျော်ပိုက်နေတယ်လို့ မင်းကထင်နေတာကိုး"



**မူးလျှင်မမှားနှင့်**

အရက်မူးနေသူနှစ်ယောက်သည် လမ်းမပေါ်မှာ ကားကို အရှိန်ပြင်းပြင်းနှင့် မောင်းနှင်နေကြသည်။ တစ်နေရာအရောက်တွင် ဘေးက ကားတစ်စီးနှင့် ပွတ်ဆွဲမိတော့မလိုလို ဖြစ်သွားသည်။

ထိုအခါ တစ်ယောက်က အော်ကြီးဟစ်ကျယ်နှင့် ပြောလိုက်သည်။

"ဘုရားသခင်ကယ်ပါ။ ဟေ့ကောင် မင်း ကား မောင်းနေတာ ကြည့်မောင်းစမ်းကွာ"

တခြား တစ်ယောက်က တွေးတွေးဆဆနှင့် ....

"ငါ ကားမောင်းနေတာလား။ ခြော် .... ငါက မင်း မောင်းနေတယ်လို့ ထင်နေတာ"





**ခံစားရလား**

ဘီယာစက်ရုံမှ အလုပ်သမားတစ်ယောက်သည် ဘီယာကန်ထဲသို့ ပြုတ်ကျသွားသည်။ ထိုအခါ မန်နေဂျာက အလုပ်သမား၏ ဇနီးကို သူ့ယောက်ျား ဘီယာကန်ထဲတွင် နစ်သွားကြောင်း သတင်းသွားပို့သည်။ ထိုအခါ ဇနီးဖြစ်သူက ထုံးစံအတိုင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ငိုလေတော့သည်။ ပြီးမှ မန်နေဂျာကို မေး၏။

"သူ သိပ်ခံစားသွားရသေးလားဟင်"

"ကျွန်တော့်အထင်တော့ မခံစားရဘူး ထင်တယ်။ မနစ်ခင် သူ့အိမ်သာမှာ အပေါ့နှစ်ခါသွားလိုက်သေးတယ်"



**ပြဿနာ**

ရထားစီးလာသော အမျိုးသမီးတစ်ယောက်သည် လက်မှတ်စစ်ကို သူ လက်မှတ်ဝယ်ခဲ့ကြောင်း၊ အခု ထိုလက်မှတ်ကို ရှာမတွေ့ကြောင်း ပြောသည်။

လက်မှတ်စစ်ကလည်း သဘောကောင်းသည်။

"ပြဿနာမရှိပါဘူး ခင်ဗျာ၊ လူကြီးမင်း လက်မှတ်ဝယ်တယ်ဆိုတာ ကျွန်တော်ယုံပါတယ်"

"ဟ ...၊ ပြဿနာ သိပ်ရှိတာပေါ့ဗျ၊ ကျုပ်မှာ လက်မှတ်မရှိတော့ ကျုပ်ဘယ်ဘူတာမှာ ဆင်းရမှန်းမသိဘူး"





**သင်ခန်းစာ**

ကထိက တစ်ယောက်သည် တပည့်များကို လက်တွေ့သင်ကြားမှုပြသနေ၏။

ကထိကသည် ဖန်ဘူးတစ်ခုထဲမှ သံကောင်အရှင်တစ်ကောင်ကို ညှပ်နှင့်ယူပြီး ဝီစကီခွက်ထဲ ထည့်လိုက်၏။ သံကောင်သည် ခွက်ထဲတွင် စက္ကန့်အနည်းငယ်မျှသာ လှုပ်ရှားပြီးသေသွားသည်။

ကထိက က တပည့်များဆီသို့လှည့်ပြီး သူတို့၏ ထင်မြင်ချက်တောင်းသည်။

"ကဲ .... ဟောဒီ လက်တွေ့စမ်းသပ်ချက်နဲ့ ပတ်သက်ပြီး တပည့်တို့ ဘယ်လို ကောက်ချက်ဆွဲနိုင်မလဲ"

ထိုအခါ ကျောင်းသားတစ်ယောက်က ပြန်ဖြေသည်။

"တကယ်လို့ ကျွန်တော်တို့မှာ သံထတယ်ဆိုရင် ဝီစကီသောက်ရမယ်လို့ ကောက်ချက်ချနိုင်ပါတယ်"





### ဘယ်သူလဲ

ရဲအရာရှိသည် သူ့လက်အောက်ရှိ ရဲသားတစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆူနေ၏။

"တပ်သား ဂျိုး၊ မနေ့ညက စခန်းမှာလုပ်တဲ့ပါတီပွဲမှာ မောင်ရင့်ရဲ့အပြုအမူတွေဟာ အားလုံးကို မဖွယ်မရာဖြစ်စေတယ်လို့ တိုင်စာထစ်စောင် ငါ့ဆီ ရောက်လာတယ်။ မင်းဟာ လေ မူးနေရုံမကဘူး၊ တစ်ကိုယ်လုံး ဘာအဝတ်အစားမှမရှိဘူး။ ပြီးတော့ ကိုယ်လုံးတီးနဲ့ လက်တွန်းစက်ဘီးပေါ်မှာထိုင်နေတဲ့ ကောင်တစ်ကောင်ကိုလည်း မင်းတွန်းနေတယ်တဲ့။ စခန်းတစ်ခုလုံး နေရာအနှံ့ မင်းအဲဒီစက်ဘီးကို တွန်းပြီး လျှောက်သွားနေတယ်တဲ့။ မင်းလုပ်ခဲ့ပုံတွေ မင်းသေသေချာချာ သိရဲ့လား။ ပြောစမ်း ...."

"ဟုတ်ကဲ့၊ အဲဒါကို ဆရာလည်း သိသင့်ပါတယ်။ လက်တွန်းစက်ဘီးပေါ်မှာ အဝတ်မပါပဲ ထိုင်နေတဲ့ သူက ဆရာကိုယ်တိုင်ပဲလေ"



ပုလင်းထဲက ဟာသများ
ဖန်ခွက်ထဲက ဟာသများ
အမြည်းထဲက ဟာသများ စသည့်
သူ၏ဟာသစာအုပ်များကို
ကြိုက်နှစ်သက်သူများအတွက် .....

ညီသစ်

# ထွေရာလေးပါးဟာသများ

(ပထမအုပ်)



စာမူခွင့်ပြုချက်အမှတ် - ၆၃၅/ ၂၀၀၄(၇)

ထွက်နေပါပြီ။